The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့ (13-3-2014) (၇၇၇၃)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| မင်းဘူး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၃၉ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၃၉ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ညောင်လေးပင် | ၃၉ ဒီဂရီစင်တီဂရိတ် |

# သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် စိုင်းဝန်းကူညီ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် တက်ရောက်လာကြသူများ ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလှုံ့ဆော်ရေးပိုစတာများ၊ လက်ကမ်းစာစောင်များ၊ သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပစ္စည်းများ၊ လက်စွဲစာစောင်များ၊ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်တို့နှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်နှင့် သန်းခေါင်စာရင်းမေးခွန်းများ ဖြည့်သွင်းခြင်းအကြောင်းသိကောင်းစရာများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်သည် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို လုပ်ငန်းအဆင့် (၄)ဆင့်ခွဲခြား၍ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်း၊ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ဖြစ်စေရေးအတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် နီးကပ်စွာပူးပေါင်း၍ သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့(ITAB)၏ အကူအညီဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံ၏အမျိုးသားအကျိုးစီးပွားနှင့် ဆင်ခြင်တုံတရားတို့ဖြင့် ချင့်ချိန်ဆောင်ရွက်လျက်ရှိပါကြောင်း။

သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ မြေပြင်ကွင်းဆင်း ကောက်ယူမည်ဖြစ်ပါကြောင်း၊ ယင်းသို့ကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် သတ်မှတ်ထားသည့် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## ပြည်တွင်းရွှေဈေး တည်ငြိမ်မှုရှိနိုင်

**ရန်ကုန် မတ် ၁၂**

ပြည်တွင်းတွင် ဖြစ်ပေါ်နေသော ရွှေဈေးနှုန်းများသည် ယခင်ကလို အတက်အကျကြမ်းတမ်းသည့် အခြေအနေမျိုးမှ နောက်ပိုင်းတွင် တည်ငြိမ်သည့် အခြေအနေမျိုးဖြင့်သာ ဆက်လက်ဖြစ်ပေါ်သွားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

ပြည်တွင်းတွင် ဖြစ်ပေါ်သော မြန်မာ့ရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေး ပြောင်းလဲမှုပေါ်လိုက်၍ ဈေးနှုန်း အတက်အကျ ပြောင်းလဲခြင်းများရှိခဲ့ပြီး လွန်ခဲ့သောလများက အတက်အကျအပြောင်းအလဲ ကြမ်းတမ်းခဲ့သည်။ “လာမယ့်ကာလအတွက် ကာလတို ခန့်မှန်းကြည့်မယ်ဆိုရင်တော့ အတက်အကျကြမ်းမယ့် အလားလာမရှိဘူး၊ ကမ္ဘာ့ဈေး လိုက်တက် တာတောင်မှ အခု မြန်မာ့ဈေးက သိပ်မတက်ဘူးလေ။ ဈေးနှုန်း တည်ငြိမ် သွားဖို့ပဲရှိလာလိမ့်မယ်”ဟု ၎င်းက ရှင်းပြသည်။

လွန်ခဲ့သော ဇန်နဝါရီလကုန်ပိုင်းက ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၂၅၄ ဒေါ်လာမှ ၁၂၆၉ ဒေါ်လာလောက်အထိ မြင့်တက်ခဲ့ပြီး ထိုစဉ်ကာလတွင် မြန်မာ့ရွှေဈေးနှုန်း

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**



## အင်အားအနည်းငယ်ရှိ လျှင်လှုပ်

**နေပြည်တော် မတ် ၁၂**

ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ် ၂၈ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၀ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**



**ကြေးမုံ စာတည်းရှုထောင့် ၁၃-၃-၂၀၁၄၊ ကြာသပတေးနေ့**

# အခွန်ပေးဆောင်ကြပါစို့

နိုင်ငံ့ဘဏ္ဍာငွေတောင့်တင်းမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို တိုးတက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံဘဏ္ဍာငွေ တောင့်တင်းရန် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ နိုင်ငံသားအားလုံးကလည်း မိမိတို့ဝင်ငွေအပေါ် မူတည်၍ ပေးဆောင်သင့်သည့်၊ ပေးဆောင်ထိုက်သည့် အခွန်ငွေများကို မပျက်မကွက်ပေးဆောင်ကြရမည်ဖြစ်သည်။

အခွန်ဟုဆိုလိုက်သည်နှင့် လူတစ်ဦးချင်းအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအလိုက်ဖြစ်စေ တွန့်ဆုတ်သွားတတ်ကြ၊ ညည်းတွားတတ်ကြ၊ တိမ်းရှောင်တတ်ကြ၊ လိမ်လည်တတ်ကြသည်မှာလည်း အမှန်ဖြစ်သည်။ တကယ်တမ်းမှာမူ အခွန်ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားအများကောင်းကျိုးအတွက် မှန်ကန်မျှတစွာ ဆောင်ရွက်ထားသော လူတိုင်းထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဖြစ်သည်။

အခွန်နှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ထမ်းဆောင်ထိုက်ပုံနှင့် စိုးရိမ်ပူပန်မှုဖြစ်ရန်မလိုကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်အတည်ပြုပြဋ္ဌာန်းထားချက်နှင့်အညီ အခွန်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းကာ အခွန်ထမ်းများအတွက် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် အိမ်၊ ခြံ၊ မြေ၊ တိုက်တာအဆောက်အအုံများ ရောင်းဝယ်ကြရာတွင် သက်သာသောအခွန်နှုန်းထားများ ရရှိရေးနှင့်ပတ်သက်၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့၏ သုံးသပ်အကြံပြုချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးထားပြီး ထိုအချက်များကို အများပြည်သူသို့ အသိပေးချပြထားပေသည်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများအတွက်မူ ဦးစီးအရာရှိနှင့်အထက်ဝန်ထမ်းများကိုသာ သတ်မှတ်ထားသော သက်သာခွင့်များအတိုင်း သင့်တင့်သည့် အခွန်နှုန်းထားများကို ထမ်းဆောင်ခွင့်ပြုထားပေသည်။ ဝင်ငွေများသော အနုပညာနယ်ပယ်မှ အနုပညာရှင်များအတွက်လည်း တစ်နှစ်ဝင်ငွေမှ မျှတသက်သာသော အခွန်ထမ်းဆောင်မှုများကို ပြုထားပေသည်။

အခွန်ထမ်းဆောင်ရာတွင် အများဆုံးပါဝင်သည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်များကို သက်ဆိုင်ရာနယ်ပယ်အလိုက် သင့်တင့်မျှတပြီး သဘာဝကျသည့် နှုန်းထားများသတ်မှတ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အထိ ငါးနှစ်တာ ကာလအတွင်း အခွန်နှုန်းများလျှော့ချပေးသော်လည်း မှန်ကန်စွာတန်ဖိုးကြေညာ အခွန်ဆောင်သူများရှိသကဲ့သို့ လျှော့ပေါ့ကြေညာ အခွန်ဆောင်သူများလည်း ရှိနေသည်ကိုတွေ့ရပါသည်။

အခွန်နှုန်းထားနည်းပါးမှုကို အကြောင်းပြု၍ အိမ်၊ ခြံ၊ မြေကို ကုန်စည်တစ်ခုသဖွယ် အသုံးချပြီး သိုလှောင်ဝယ်ယူရောင်းချမှုများလည်း ရှိနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် အိမ်၊ ခြံ၊ မြေ တန်ဖိုးများ သာမန်ထက်ပိုမိုမြင့်မားပြီး အမှန်တကယ်လိုအပ်သူများအတွက် အကျိုးမဲ့စေခြင်းသာ ဖြစ်ပေါ်နိုင်ပေသည်။ ယခင်က အခွန်ဥပဒေဟောင်းတွင် တစ်နှစ်လျှင် ဝင်ငွေ သုံးသောင်းရှိသူတို့ကို အခွန်စည်းကြပ်ခြင်းဖြစ်သော်လည်း ဥပဒေသစ်တွင် တစ်နှစ်လျှင်ဝင်ငွေ ကျပ် ၁၄ သိန်းကျော်ရသူများကိုသာ အခွန်စည်းကြပ်ခြင်း ပြုရာမှ ကျင်းပဆဲပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တစ်နှစ်ဝင်ငွေ ကျပ်သိန်း ၂၀ အထက်ဝင်ငွေရှိသူများကိုသာ အခွန်ဆောင်စေရန် ဆွေးနွေးအတည်ပြုလိုက်သဖြင့် များစွာဖြေလျှော့ပေးလိုက်ခြင်း ဖြစ်ပေသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင်လည်း သာမန်ကုန်စည်အမျိုးအစား ၇၀ အတွက် ငါးရာခိုင်နှုန်းသာ အခွန်စည်းကြပ်ထားပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့် ကုန်စည်များ၊ ကျန်းမာရေးထိခိုက်စေသည့် ကုန်စည်များကို အထူးကုန်စည်များအဖြစ် သတ်မှတ်ပြီး ရာခိုင်နှုန်း ၃၀ မှ ရာခိုင်နှုန်း ၁၀၀ အထိ ကောက်ခံထားခြင်းဖြစ်၍ အများပြည်သူအကျိုးစီးပွားကို ဦးစားပေးထားသည်မှာ ပေါ်လွင်ထင်ရှားပေသည်။

သို့ဖြစ်ရာ နိုင်ငံသားတိုင်း၊ လုပ်ငန်းတိုင်းအား နိုင်ငံတော်သို့ သတ်မှတ်ထားသော အခွန်အခများ မပျက်မကွက်ပေးဆောင်စေခြင်းမှာ နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက်ဖြစ်၍ အခွန်အခများကို မဖြစ်မနေပေးဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## သင်္ကြန်ကာလအတွင်း သရုပ်ပျက်အပြုအမူ၊ ဝတ်စားဆင်ယင်မှု မရှိစေရေး အလေးထားဆောင်ရွက်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပွဲတော်ကျင်းပရေးကော်မတီများမှ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ယခင်နှစ်သင်္ကြန်ပွဲတော်ကာလတွင် စည်းကမ်းဖောက်ဖျက်သောမဏ္ဍပ်များအား မှတ်တမ်းတင်အရေးယူရန်လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် သရုပ်ပျက်အပြုအမူ၊ ဝတ်စားဆင်ယင်မှု မရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မဏ္ဍပ်များနေရာချထားရာတွင်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီစနစ်တကျဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မဏ္ဍပ်များဆောက်လုပ်ရာတွင် ကြံ့ခိုင်မှုရှိစေရေးအတွက် ကြိုတင်စစ်ဆေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင်လည်း အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲများ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲများ၊ ဘေးမဲ့လွှတ်ပွဲများကို ခရိုင်/မြို့နယ်အလိုက် အစဉ်အလာမပျက်ဆောင်ရွက်သွားကြရန်နှင့် ပွဲတော်ကာလ၌ ပြည်သူများ အေးချမ်းစွာရေကစားနိုင်ရေးအတွက် အလေးထားစီမံဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မဆီလျော်သောဝတ်စားဆင်ယင်မှုများ ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ရေးကော်မတီ၊ မဏ္ဍပ်ကြံ့ခိုင်မှုစစ်ဆေးရေးကော်မတီ၊ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးကော်မတီ၊ လူမှုရေးနှင့်ဘာသာရေးဆိုင်ရာကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီ၊ ဖျော်ဖြေရေးကော်မတီ၊ မဏ္ဍပ်နေရာချထားရေးကော်မတီများမှဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက မိမိတို့ကော်မတီအလိုက်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းသမဝါယမလုပ်ငန်းများ ဒုတိယဝန်ကြီးဦးသန်းထွန်းကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ကယားပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးသန်းကျော်စိုးနှင့်အတူ မတ် ၇ ရက်တွင် လွိုင်ကော်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အခြေခံရက်ကန်းကျောင်း၌လည်းကောင်း၊ မတ် ၈ ရက်တွင် ရတနာစိုးစံ စက်မှုလက်မှုကုန်ထုတ် သမဝါယမ အသင်းလီမိတက် ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း၊ သိန်းဝင်းသစ်အလှဆင်နှင့် စက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့အား ကြည့်ရှုစစ်ဆေးသည်။

မတ် ၉ ရက်တွင် ကယားပြည်နယ်ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အခြေခံသမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသားအသင်းသူ ၄၀၀ အား တွေ့ဆုံပြီး သက်တံရောင်တည်းခိုခန်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကယားပြည်နယ် ပြည်နယ်ရုံး၌ မြို့နယ် ခုနစ်မြို့နယ်မှ ဝန်ထမ်းများနှင့်လည်းကောင်း၊ မတ် ၁၀ ရက်တွင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် သမဝါယမအသင်းစုရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသင်းသား အသင်းသူ ၁၀၀ အားလည်းကောင်း၊ ပင်လောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ အခြေခံသမဝါယမအသင်းသား ၂၄၀ အားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဖြူးမြို့နယ်၌ ကျောက်ချောလမ်းဖွင့်

**ဖြူး မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာအုပ်စုအတွင်းရှိ ကျော်လှစုကျေးရွာ၊ ကင်းမွန်ခြုံကျေးရွာများနှင့် ဖြူး-ဘန်လောင်လမ်းမကြီး ဆက်သွယ်သော ကျောက်ချောလမ်း ဖွင့်ပွဲအား မတ် ၁၁ ရက် နံနက် ၈ နာရီတွင် ယင်းကျေးရွာ၌ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်သော မြို့ပြနှင့် ကျေးရွာဆက်သွယ်သော ကျော်လှစုကျောင်း ဆရာတော် ဦးသောတန၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီဝင်များ စုပေါင်းဆောင်ရွက်ကြပြီး လိုအပ်သောကုန်ကျစရိတ်များအား ကျေးရွာပြည်သူများ၏ စုပေါင်းငွေများနှင့် ကျောက်ချောလမ်းခင်းခြင်းဖြစ်ပြီး ကျေးရွာပေါင်း ၁၀ ရွာမှ လူဦးရေ ၃၀၀၀ တို့ နွေ၊ မိုး၊ ဆောင်းရာသီမရွေးမြို့ပြနှင့် ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**



**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

**ရန်ကုန် မတ် ၁၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၄၅၀၀ | - | ၆၈၅၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၄၃၀၀ | - | ၆၈၅၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၄. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၄၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၈. ၆၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၁၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၅. ၉၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၄၅. ၉၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၁. ၁၈၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၂. ၂၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၆၈. ၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း






**✱ သန်းခေါင်စာရင်းမှ**

ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံအတွင်း ရှိနေသူအားလုံးကို မေးမြန်းကောက်ယူမည်ဖြစ်ပါကြောင်း၊ စာရင်းစစ် စာရင်းကောက်များက တစ်အိမ်တက်ဆင်းဖြင့် တွေ့သည့်နေရာ၌ တွေ့သည့်သူကို ကောက်ယူမည်ဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် သန်းခေါင်စာရင်းမေးခွန်း (၄၁)ချက် မေးမြန်းကောက်ယူ၍ တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဟိုတယ်၊ မိုတယ်၊ ဂေဟာ၊ ဘုန်းကြီးကျောင်းစသည့်အဖွဲ့အစည်းဆိုင်ရာများအတွက် မေးခွန်း(၁၁)ချက် မေးမြန်းကောက်ယူမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများသည် လူဦးရေနှင့်ဖွဲ့စည်းနေထိုင်မှုစနစ်ကို သိရှိလို၍ မေးမြန်းမှုများဖြစ်ပြီး မေးမြန်းခံရသူ၏ ဖြေကြားချက်များကိုလည်း သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ အဓိကအရေးကြီးဆုံးမှာ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားကြရန်ဖြစ်ပါကြောင်း၊ သို့မှသာ တိကျမှန်ကန်သည့်လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်ပြီး ပြည်သူတို့၏လိုအပ်ချက်ကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်းသည် မိမိတို့နိုင်ငံအတွင်းရှိ ပြည်သူအားလုံး၏ မတူကွဲပြားမှုများကို အလေးထားဖြည့်ဆည်းပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများကို မိနစ် ၃၀ မျှမှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် မိမိအကျိုး၊ မိမိမိသားစုအကျိုး၊ မိမိဒေသ၊ မိမိရပ်ရွာ၊ မိမိနိုင်ငံအကျိုးအတွက် နောင် ၁၀ နှစ် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း၊ သို့ရာတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် ပြည်သူများသိရှိနားလည်ပြီး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံမှ ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းမီဒီယာမျိုးစုံ၊ သဘင်ဂီတ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ဇာတ်လမ်းတို၊ တေးသီချင်းတို့ဖြင့်လည်း ထုတ်လွှင့်ဖျော်ဖြေလျက်ရှိပါကြောင်း၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း၊ လုပ်ငန်းရှင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သတင်းစာ၊ ဂျာနယ်သတင်းထောက်နှင့် ထုတ်ဝေသူများကို အကြိမ်ကြိမ်ထိတွေ့ရှင်းလင်းချပြပြီးလည်းဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ဌာနဆိုင်ရာများကိုလည်း ရှင်းလင်းချပြသည့်နည်းတူ မတ် ၁ ရက်ကလည်း နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့် အထိမ်းအမှတ်အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပပြီးလည်းဖြစ်ပါကြောင်း၊ မတ် ၂ ရက်မှ စ၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အနုပညာရှင်များက သန်းခေါင်စာရင်းဆိုင်ရာ လှုံ့ဆော်မှုအဖြစ် လှည့်လည်ဖျော်ဖြေတင်ဆက်လျက်ရှိပါကြောင်း။

သန်းခေါင်စာရင်းမေးခွန်းများကို ပြည်သူများ လွယ်လွယ်ကူကူ၊ ယုံယုံကြည်ကြည်ဖြေကြားနိုင်ရေးအတွက်လည်း ဘာသာရပ်ကျွမ်းကျင်မှုနှင့် စာရင်းစစ်စာရင်းကောက်ဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ တာဝန်ယူဆောင်ရွက်မည့်သူများအား ရွေးချယ်ကာ သင်တန်းစရိတ်များ ထောက်ပံ့ပေးပြီး တက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းတို့အတွက် လက်စွဲစာစောင်များလည်း ပြုစုထားပြီးဖြစ်ပါကြောင်း။

ယခု ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုသည် ၁၉၈၃ ခုနှစ်က မိမိတို့နိုင်ငံတွင် နောက်ဆုံးကောက်ယူခဲ့သည့် လုပ်ငန်းစဉ်ထက် တစ်နိုင်ငံလုံးလွှမ်းခြုံထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းကြောင့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်နိုင်ခဲ့ပြီး ယင်းအဖွဲ့အစည်းများကလည်း သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် တက်ကြွစွာဝိုင်းဝန်းပူးပေါင်းကူညီကြမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်နှင့် ပြည်သူအားလုံးအကျိုးအတွက်ဖြစ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းမေးခွန်း (၄၁)ချက် ဖြည့်သွင်းခြင်းနှင့် တစ်ချက်ချင်းအလိုက် မည်သို့မည်ပုံဖြည့်သွင်းရသည်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်တက်ရောက်လာကြသူများသည် ခန်းမအတွင်း၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလှုံ့ဆော်ရေးပိုစတာများ၊ လက်ကမ်းစာစောင်များ၊ သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပစ္စည်းများ၊ လက်စွဲစာစောင်များ၊ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားဘုရင့်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားဘုရင့်နိုင်ငံသံအမတ်ကြီး H.E.MR.TALAL M.S. ABDUL SALAM သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသံတမန်ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-ဆော်ဒီအာရေးဗီးယားဘုရင့်နိုင်ငံ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ဆက်ဆံရေး၊ ရေနံနှင့် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနည်းပညာများ ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❖ ပြည်တွင်းရွှေဈေးမှ**

များမှာလည်း မီးလင်းအခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၉၄၀၀ ကျပ်မှ ၆၆၄၀၀၀ကျပ်သို့ပြောင်းလဲခဲ့သလို အတက်/အကျ အပြောင်းအလဲများဖြစ်ခဲ့သည်။ မတ် ၁၁ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၃၃၉ ဒေါ်လာပေါက်ဈေးရှိသော်လည်း မြန်မာ့ရွှေဈေးမှာ ၆၈၃၀၀၀ ကျပ် ဝန်းကျင်သာဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာ့ရွှေဈေးမြင့်တက်လာသော်လည်း မြန်မာ့ရွှေဈေးမြင့်တက်မှုမရှိခြင်းမှာ မြန်မာငွေကြေးခိုင်မာလာမှုကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်ပြီး လာမည့်သင်္ကြန်မတိုင်ခင်ကာလအထိ မြန်မာ့ရွှေဈေးနှုန်းများတွင် မီးလင်းအခေါက်ရွှေ တစ်ကျပ်သားလျှင်ငွေကျပ် ၆၈၅၀၀၀ ဝန်းကျင်ဖြင့်သာ ရှိမည်ဟုလည်း မျှော်မှန်းထားကြောင်း သိရသည်။ “ဒီနှုန်းပတ်လည်မှာပဲရှိနေမယ်လို့တော့ ခန့်မှန်းထားတယ်၊ တက်ရင်လည်း အများကြီး မတက်နိုင်သလို ကျရင်လည်း အများကြီးမကျနိုင်ဘဲ ဒီနှုန်းပတ်လည်လောက်မှာပဲ ပေါက်ဈေးရှိမယ်လို့ခန့်မှန်းထားတာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

ရွှေထည်ပစ္စည်းဈေးကွက်တွင်လည်း ယခုကာလသည်အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း၊ မကြာမီစာမေးပွဲကာလများလည်းပြီးစီးတော့မည် ဖြစ်သည့်အတွက် ရွှေထည်ပစ္စည်းဈေးကွက်တွင် အရောင်းအဝယ်ကောင်းလာဖွယ်ရာရှိနေသည်ဟု တိတ်ရှိန်ရွှေဆိုင်ပိုင်ရှင် ဦးမိုးအောင်က ဆိုသည်။ “ရွှေထည်လာဝယ်သူတွေအများစုမှာ အမျိုးသမီးတွေများတယ်၊ အဲ့ဒီတော့ အခုချိန်ကလည်း စာမေးပွဲအချိန်ဆိုတော့ သူတို့ကလေးတွေရဲ့ စာမေးပွဲတွေနဲ့ အလုပ်ရှုပ်နေတာကြောင့်လည်း အရောင်းအဝယ်က သိပ်မသွက်ဘဲ ပုံမှန်ပဲဖြစ်နေတယ်လို့ထင်တယ်၊ မကြာခင်မှာ အရောင်းအဝယ်ကောင်းလာမယ်လို့ မျှော်မှန်းထားတယ်”ဟု ၎င်းက ရှင်းပြခဲ့သည်။ ထိုရွှေထည်ပစ္စည်းဈေးကွက်တွင် ဝယ်ယူသူအများစုသည် အကျစ်ထည်ဒီဇိုင်းများကို ပြန်လည်နှစ်သက်လာလျက်ရှိကြောင်းလည်း သိရသည်။ **(၆၈၀)**

# တက္ကသိုလ်ဝင်စာမေးပွဲစတင်ကျင်းပ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းပျော်ရွှင်စွာဖြေဆို

**မန္တလေး မတ် ၁၂**

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့စတင်ကျင်းပရာ စာစစ်ဌာနပေါင်း ၁၂၈၇ ခုဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၅ သိန်း ၈ သောင်းကျော် ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် စာဖြေဌာနပေါင်း ၁၅၂ ခု ဖွင့်လှစ်ထားပြီး ကျောင်းသား ၃၈၅၇၉ ဦး၊ ကျောင်းသူ ၄၆၁၇၀ ဦး စုစုပေါင်း ၈၄၇၄၉ ဦးတို့ ဝင်ရောက်ဖြေဆိုရန်စာရင်းပေးသွင်းထားသည်။

စာမေးပွဲဖြေဆိုစဉ်ကာလများတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၄ နာရီမီးရရှိရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသံချဲ့စက်နှင့် ဆူညံသံများမဖြစ်ပေါ်စေရေး၊ စာမေးပွဲဖြေဆိုချိန်တွင် ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်ကင်းဝေးစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားရာ စာမေးပွဲဖြေ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ခဲ့ကြကြောင်း တွေ့ရသည်။ **အေးမြ(မန္တလေး)**

# ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများအား ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၂**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံကာ စာမေးပွဲခန်း ကြီးကြပ်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ရေး၊ စာဖြေသူများ စနစ်တကျဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးတို့ကို ဆွေးနွေးမှာကြား၍ စာမေးပွဲလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခုတင်(၁၀၀၀) ဆေးရုံရှိ စာဖြေဌာနသို့ လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းစာစစ်ဌာနသို့လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့လည်းကောင်း သွားရောက်၍ စာဖြေခန်းအသီးသီး၌ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၇၂ ခု၊ နိုင်ငံခြားစာစစ်ဌာန (၁၅)ခု စုစုပေါင်းစာစစ်ဌာန ၁၂၈၇ ခုတို့၌ ၁၂-၃-၂၀၁၄ ရက်နေ့မှစ၍ တစ်ပြိုင်နက်တည်း စတင်ကျင်းပလျက်ရှိသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန်အတွက် မျက်မမြင် ၃၅ ဦး၊ ဆွံ့အနားမကြားသူ ၁၂ ဦး၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ ၅၂ ဦး၊ မြဝတီနယ်စပ်ဒေသတွင် ဖြေဆိုသူ ၁၃၉ ဦးအပါအဝင် စာဖြေသူဦးရေစုစုပေါင်း ၅၈၈၆၁၂ ဦး စာရင်းသွင်းထားကြောင်း သိရသည်။

ကျန်းမာရေးအခြေအနေအရ ဆေးရုံသို့တက်ရောက်ကုသနေရသည့် စာဖြေသူများအတွက် ရန်ကုန်မြို့တွင် ရန်ကုန်ဆေးရုံကြီး၊ ကူးစက်ရောဂါဆေးရုံ(ဝေဘာဂီ)နှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးတို့၌လည်းကောင်း၊ အခြားမြို့နယ်အသီးသီးတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများ၌ လည်းကောင်း ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**






# တောင်ကိုရီးယားနှင့် အမေရိကန်တို့နှင့်အတူ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲ ဂျပန်လိုလား

တိုကျို မတ် ၁၂

**ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန် ပြည်ထောင်စုတို့နှင့်အတူ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးက မတ် ၁၂ရက်တွင် ပြောကြားသည်။**

ဂျပန်နိုင်ငံသည် အိမ်နီးချင်းတောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေး အေးတိအေးစက်ဖြစ်နေမှုကို ချေဖျက်နိုင်ရန်လိုလားသည်။ သို့ရာတွင် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန်ဟူသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အယူအဆကို တောင်ကိုရီးယားနိုင်ငံက စိတ်ပါသည့် လက္ခဏာ ပြသခြင်းမရှိပေ။

မတ် ၂၄ ရက်မှ ၂၅ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ ကျင်းပမည့် ကမ္ဘာ့နျူကလီးယားလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲ ကျင်းပချိန်ကာလအတွင်း သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရန် ဂျပန်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင် ၁၀နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ရုရှားသမ္မတနှင့် ငါးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည့်တိုင် တောင်ကိုရီးယား သို့မဟုတ် တရုတ်ခေါင်းဆောင်များနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခွင့် မရရှိသေးပေ။

ပင်လယ်ရေကြောင်းပိုင်နက်နယ်မြေ အငြင်းပွားမှုဖြစ်ပွားနေသော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံအကြား ဆက်ဆံရေးတိုးတက်မှုမရှိဘဲဖြစ်နေကြောင်း၊ ကမ္ဘာစစ်ကာလက ဂျပန်တပ်ဖွဲ့၏ပြုမူဆက်ဆံပုံကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသော အကျိုးဆက်များနှင့် ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံ အနေဖြင့် ကျေနပ်လောက်သည် အထိ တိုးတက်မှုမရရှိပါက မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးမှာ အေးတိအေးစက်ဖြစ်နေဦးမည်ဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**



သည်ဟိတ်မြို့၌ ကျင်းပမည့် ကမ္ဘာ့နျူကလီးယားလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် ရဲတပ်ဖွဲ့ဝင်များ လေ့ကျင့်မှုများ ပြုလုပ်ကြစဉ်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရုတ်နိုင်ငံ အရှိန်အဟုန်မြှင့်တင်

ပေကျင်း မတ် ၁၂

**တရုတ်နိုင်ငံ၌ အဂတိလိုက်စားသော အရာရှိများ၊ စီးပွားရေးဆိုင်ရာ ပြစ်မှုကျူးလွန်သူများနှင့် ၎င်းတို့၏မိသားစုဝင်များ ပြည်ပသို့ထွက်ပြေးတိမ်းရှောင်နေမှုကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာဖြစ်သော ချိုင်းနားဒေလီက မတ် ၁၂ရက်တွင် ရေးသားဖော်ပြသည်။**

အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်သည့် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် အဂတိလိုက်စားသော အရာရှိများနှင့် ၎င်းတို့၏မိသားစုများ ပြည်ပ၌ခိုလှုံနိုင်ခြင်း မရှိစေရန် တားဆီးမည် ဖြစ်ကြောင်း အစိုးရရှေ့နေချုပ်ရုံးအကြီးအကဲ ကောင်ကျင်မင်းက ပြောကြားသည်။

အဂတိလိုက်စားသော အရာရှိများသည် ၎င်းတို့ တရားမဝင်ရရှိထားသော ခနဥစ္စာများကို ကွယ်ဝှက်နိုင်စေရန် ဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးများကို ပြည်ပနိုင်ငံများသို့ သွားရောက်နေထိုင်စေကြောင်း၊ ၎င်းတို့နှင့်အတူ တရားမဝင်ရှာဖွေရရှိထားသော ခနဥစ္စာများကို ပြည်ပ၌ထားရှိတတ်ကြောင်း၊ အထောက်အထားများရရှိနိုင်ရန် မိမိတို့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းခနဥစ္စာများကို ပြန်လည်သိမ်းယူနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကောင်ကျင်မင်းက ပြောကြားသည်။

တရုတ်နိုင်ငံအတွင်း စီးပွားရေးပြစ်မှုများကို ကျူးလွန်ခဲ့ပြီးနောက် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သူ ၅၀၀ ကျော်ရှိပြီး ၎င်းတို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ပြည်ပနိုင်ငံများရှိ တရားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ချိုင်းနားဒေလီ။**



အဂတိလိုက်စားမှုဖြင့် တာဝန်ရှိသူတစ်ဦးကို တရုတ်နိုင်ငံ ချုံ့ကင်းမြို့ရှိ တရားရုံး၌ ကြားနာစစ်ဆေးသည့် မှတ်တမ်းပုံ။

# ယူကရိန်းနှင့် စေ့စပ်ဆွေးနွေးရန် ရုရှားငြင်းပယ်လျက်ရှိ

**ကီယက်ဗ် မတ် ၁၂**

ရုရှားနိုင်ငံခေါင်းဆောင်များသည် ၎င်းတို့နှင့် စေ့စပ်ညှိနှိုင်းမှုအားလုံးကို ငြင်းပယ်လျက်ရှိကြောင်း ယူကရိန်းနိုင်ငံ ခေတ္တသမ္မတ အိုလက်ဇန္ဒြာတာချီနော့ဗ်က ပြောကြားသည်ဟု ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခရိုင်းမီးယားတွင် ယူကရိန်းနိုင်ငံမှ ခွဲထွက်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပလျှင်ပင် ၎င်းတို့က စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း တာချီနော့ဗ်က အေအက်ဖ်ပီ သတင်းထောက်များကို ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယူကရိန်း ကြားဖြတ်ဝန်ကြီးချုပ် အာစင်နီယတ်စင်ယတ်သည် သမ္မတအိုဘားမားနှင့် တွေ့ဆုံရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လျက်ရှိပြီး ၎င်းသည် ကြာသပတေးနေ့တွင် နယူးယောက်မြို့ လုံခြုံရေး ကောင်စီ၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

နိုင်ငံတော်ကိုကာကွယ်ရန်အတွက် အမျိုးသားတပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ရန်နှင့် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသော အင်အား ၆၀၀၀ရှိသည့်တပ်ဖွဲ့ကို ကူညီထောက်ပံ့ကြရန် တာချီနော့ဗ်က အင်္ဂါနေ့စောစောပိုင်းတွင် ဆော်ဩခဲ့သည်။ စစ်ရေးအတွေ့အကြုံရှိသူ စေတနာ့ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသည့် အဆိုပါတပ်ဖွဲ့သည် ပြည်တွင်း၊ ပြည်ပရှိ ရန်သူများ အန္တရာယ်မှ နိုင်ငံတော်ကို ကာကွယ်ကြမည်ဟု ၎င်းကပြောကြားခဲ့သည်။ **ဘီဘီစီ။**

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဂိုဏ်းအချင်းချင်းတိုက်ခိုက်

**ကရာချိ မတ် ၁၂**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မတ် ၁၂ ရက် နံနက်ပိုင်းက ပြိုင်ဘက်ဂိုဏ်းနှစ်ဂိုဏ်းအကြား အကြမ်းဖက် တိုက်ခိုက်ခဲ့ရာ အမျိုးသမီးလေးဦးအပါအဝင် ၁၂ဦး သေဆုံးကြောင်း၊ သေဆုံးသူဦးရေ ထပ်မံ တိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါပြိုင်ဘက် စစ်သွေးကြွဂိုဏ်းနှစ်ဂိုဏ်းအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ဒုံးပစ်လောင်ချာများနှင့် လက်ပစ်ဗုံးများဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း၊ ဒဏ်ရာရရှိသူ ၃၉ဦးတွင် ကျောင်းသားကလေး ၁၅ဦး ပါဝင်ကြောင်း ရဲတပ်ဖွဲ့မှူး ဖိန်ဆယ်ဘာရှားက ပြောကြားသည်။

### ပြန်ပေးဆွဲ

ယင်းနေ့မတိုင်မီ ညပိုင်းတွင် ပြိုင်ဘက်ဂိုဏ်းတစ်ဂိုဏ်းက အခြားပြိုင်ဘက်ဂိုဏ်းမှ လူတစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ဘာရှားက ပြောကြားသည်။

အပြန်အလှန်ပစ်ခတ်သော နေရာမှ ပစ်ခတ်သံများကို ကြိုကြားကြိုကြား ကြားရကြောင်း အေအက်ဖ်ပီသတင်းဌာနက ပြောကြားသည်။ ယင်းနေရာအတွင်းသို့ သတင်းထောက်များ ဝင်ရောက်ခြင်းမပြုရန် ရဲတပ်ဖွဲ့က တားမြစ်ထားသည်။

အဆိုပါတိုက်ခိုက်မှုဖြစ်ပွားသောနေရာမှာ ကရာချိမြို့ ဆင်ခြေဖုံးရှိ အဆင်းရဲဆုံးနှင့် အကြမ်းဖက်မှု အများဆုံး ဖြစ်ပွားလေ့ရှိသော လာရီဒေသဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ။**

# ရေနံတင်သင်္ဘော လွှတ်မြောက်မှု လစ်ဗျား လွှတ်တော်က ဝန်ကြီးချုပ်ကို ဖယ်ရှား

ထရီပိုလီ မတ် ၁၂

**လစ်ဗျားနိုင်ငံတွင် သူပုန်တို့ ထိန်းချုပ်ထားသည့် ဆိပ်ကမ်းမှ ရေနံတင်သည့် ရေနံတင်သင်္ဘောတစ်စင်းသည် ရေတပ်ဖွဲ့၏ ပိတ်ဆို့ထားခြင်းကို ဖောက်ထွက်သွားကြောင်း သတင်းများပေါ်ထွက်လာပြီးနောက် လွှတ်တော်က ဝန်ကြီးချုပ်ကို ရာထူးမှ ဖယ်ရှားလိုက်ကြောင်း ဘီဘီစီက သတင်းထုတ်ပြန်သည်။**

မြောက်ကိုရီးယား အလံလွှင့်ထူထားသည့် သင်္ဘောသည် ပင်လယ်ပြင်သို့ လွတ်မြောက်သွားကြောင်း ကြားသိရသည့်အတွက် လွှတ်တော်အမတ်များသည် ဝန်ကြီးချုပ် ဇိုင်ဒန်ကို အယုံအကြည်မရှိ အဆိုတင်သွင်း၍ မဲပေးခဲ့ကြခြင်းဖြစ်သည်။

### ခန့်အပ်

ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူလာချ် အဲလ်-သင်းနီကို ကြားဖြတ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ကြသည်။

စိုင်ဒရာဆိပ်ကမ်းမှ ထွက်ခွာရန် ကြိုးစားနေသည့် ရေနံတင်သင်္ဘောကို ၎င်းတို့က အပြည့်ထိန်းချုပ်ထားပြီးဖြစ်ကြောင်း လစ်ဗျားအရာရှိများက စောစောပိုင်း၌ ပြောကြားခဲ့သည်။ သို့သော် သူပုန်များက ယင်းသို့ ပြောကြားချက်မှာ မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

ဩဂုတ်လကတည်းက ခွဲထွက်ရေးစစ်သွေးကြွများက အရေးကြီးဆုံး ဆိပ်ကမ်းသုံးခုကို သိမ်းပိုက်ထားခဲ့ကြသည်။

၎င်းတို့သည် သမိုင်းဝင်ဇိုင်ရီနိုင်ကာ အရှေ့ပိုင်းဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန်နှင့် နိုင်ငံတော်မှရရှိသော ရေနံအခွန်ငွေမှ အများအပြားခွဲဝေရရှိရန် ကြိုးစားလျက်ရှိကြသည်။

"မောနင်းဂလိုရီ" ဟုခေါ်ဝေါ်သည့် ရေနံတင်သင်္ဘောသည် စိုင်ဒရာရေနံဆိပ်ကမ်းမှ ရေနံစိမ်းစည်ပေါင်း အနည်းဆုံး ၂၃၄၀၀၀ တင်ခဲ့သည်ဟု သတင်းများက ဆိုသည်။ **ဘီဘီစီ။**



"မောနင်းဂလိုရီ" အမည်ရှိ ရေနံတင်သင်္ဘောကို လစ်ဗျားရေတပ်က ပိတ်ဆို့စဉ်။

ပြည်တွင်းရေးရာ

# ပုသိမ်မြို့ရှိ မြန်မာလေကြောင်းအကယ်ဒမီ လေယာဉ်မောင်းသင်ကျောင်း ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် စစ်ဆေး

**နေပြည်တော် မတ် ၁၂**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်အတူ ပုသိမ်မြို့ရှိ မြန်မာလေကြောင်း အကယ်ဒမီ လေယာဉ်မောင်းသင်ကျောင်းသို့သွားရောက်ရာ မြန်မာလေကြောင်းအကယ်ဒမီအမှုဆောင် အရာရှိချုပ် ဦးထွန်းမြင့်က လေယာဉ်မောင်းသင်ကျောင်း စတင်ဖြစ်ပေါ်လာပုံနှင့်သင်ကြားပို့ချမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာလေကြောင်းအကယ်ဒမီသည် တစ်ခုတည်းသော ပုဂ္ဂလိကလေယာဉ်မောင်းသင်ကျောင်းဖြစ်ပြီး နိုင်ငံတကာသင်ရိုးနှင့်အညီ ဖွင့်လှစ်သင်ကြားနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ဝေဟင်၌ပျံသန်းမှုစည်းကမ်းများကိုတိကျစွာ လိုက်နာရန်လိုအပ်သကဲ့သို့ နည်းပြဆရာ၏ လမ်းညွှန်မှုကိုလည်း တစ်သဝေမတိမ်းလိုက်နာဖို့လိုကြောင်း၊ လေကြောင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများမှာ အခြားသူများထက် ကျန်းမာရေးကောင်းမွန်ပြည့်စုံကြဖို့လိုကြောင်း၊ သင်တန်းပြီးဆုံးအောင်မြင်သွားပါက မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ့လေကြောင်း ပို့ဆောင်ရေးကဏ္ဍ၏လေယာဉ်မှူးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် လေယာဉ်မှူးများဖြစ်အောင် ကြိုးစားကြဖို့လိုကြောင်း၊ လေယာဉ်မောင်းနှင်သူများသည် ဝေဟင်စည်းကမ်းချက်များဖြစ်သည့် Air Man Ship ကို ကျေညက်စွာသိရှိရန် လိုအပ်သလို မိမိကိုင်တွယ် မောင်းနှင်ရသည့် လေယာဉ်ဆိုင်ရာများကို အသေးစိတ်နားလည်ကြရမှာဖြစ်ကြောင်း၊ မတော်တဆမှုများတွင် လူကြောင့်ဖြစ်ရသည့် မတော်တဆမှုများကို ရှောင်ရှားနိုင်ရန်အတွက် နည်းပြဆရာများ သင်ကြားပေးသည့် (Procedure) များ၊ မိမိလေယာဉ်၏ Limitation များကို သိရှိကြဖို့လိုကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာလေကြောင်းအကယ်ဒမီဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြည်ထောင်စုဝန်ကြီးအား လေယာဉ်မောင်းသင်ကျောင်းတွင် အသုံးပြုနေသော DA40(NG) လေယာဉ်ပုံစံငယ် ကျောက်စီပန်းချီကားကို အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးသည် လေယာဉ်မောင်းသင်ကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

မြန်မာလေကြောင်း အကယ်ဒမီကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ၁၂-၁၂-၂၀၁၂ ရက်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ပထမဆုံးပုဂ္ဂလိက လေယာဉ်မောင်းသင်ကျောင်းတစ်ခုဖြစ်ကာ ပျံသန်းရေးသင်တန်းများကို ပုသိမ်လေယာဉ်ကွင်းတွင် ၁၅-၁၁-၂၀၁၃ ရက်မှစ၍ သင်ကြားသည်။ မြန်မာလေကြောင်း အကယ်ဒမီကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကျပ် ၇၂၅၂ ဒသမ ၆၈ သန်း(အမေရိကန်ဒေါ်လာ ၄၂၆ သန်းအပါအဝင်) ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရွှေမြင်တင်ဘုရားပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပ

**ရမည်းသင်း မတ် ၁၂**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် သာသနာ့သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ဘုရား (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ရွှေစေတီတန်ခိုးကြီးဘုရားလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေမြင်တင်စစ်ဘုရား ရွှေထီးတော်ရွှေသင်္ကန်းကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရွှေမြင်တင်တောင်တော်မြတ်ရင်ပြင်ပေါ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကဆရာတော်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေစေတီတန်ခိုးကြီးဘုရားနှင့် ရွှေမြင်တင်စစ်ဘုရားတို့အား သံဃာတော် ၁၀ ပါးစီဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်သည်။

ရွှေမြင်တင် ဘုရားပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ (၁၁၄)ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သော်လည်း ၉-၁၂-၂၀၁၃ ရက်မှစတင်ပြီး ရွှေမြင်တင်တောင်ခြေစောင်းတန်းရှိဇရပ်များတွင် ရွှေလုပ်သားများ လာရောက်၍ ဆန္ဒဖော်ထုတ်ရန် စခန်းချ နေထိုင်လျက်ရှိခြင်းကြောင့် တပေါင်းပွဲတော်ကျင်းပရန် အခက်အခဲရှိခဲ့သော်လည်း မတ် ၅ ရက်တွင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ ရွှေမြင်တင်ဘုရားတပေါင်းပွဲတော်အား မတ် ၁၂ ရက်မှ ၁၆ ရက်အထိ အောင်ဆန်းပွင့် ဇာတ်သဘင်၊ သုံးကားပေါင်း မိုးလင်းရုပ်ရှင် ဇာတ်ကားများ၊ ပျော်ပွဲရွှင်ပွဲများနှင့်အတူ ဈေးဆိုင်ခန်းပေါင်း ၁၇၀၀ ကျော်ဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိရာ ရပ်နီးရပ်ဝေးမှ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ပေါင်းမိုးလှည်းများဖြင့် ပွဲတော်သို့လာရောက်ပြီး ဇရပ်များတွင် တည်းခိုကာပျော်ရွှင်ချမ်းမြေ့စွာ ဘုရားဖူးလျက်ရှိကြောင်းနှင့် ရွှေမြင်တင်ဘုရားတပေါင်းပွဲတော်ကြီးမှာ အလွန်ပင်စည်ကားလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ခေတ်မီနည်းပညာများနှင့် နတ်ဆရာတို့ကို စိန်ခေါ်နေသော မလေးရှားလေယာဉ်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဦးတည်ပျံသန်းသွားသည့် မလေးရှားလေကြောင်းပိုင် လေယာဉ်တစ်စင်းသည် လမ်းခုလတ်တွင် ရုတ်တရက် ပျောက်ဆုံးသွားခဲ့သည်မှာ ယနေ့(မတ် ၁၂ရက်)ဆိုလျှင် ငါးရက်ရှိသွားပြီဖြစ်သည်။ ဂမ္ဘီရဆန်ဆန်ပျောက်ဆုံးသွားသည့် မလေးရှားလေယာဉ်ပျောက်ဆုံးမှုကြီးနှင့် ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများ၊ အင်တာနက်စာမျက်နှာများတွင် သတင်းများမျိုးစုံ ထွက်ပေါ်လျက်ရှိသည်။

စနေနေ့က ကွာလာလမ်ပူမြို့မှ ပေကျင်းမြို့သို့ ဦးတည်ပျံသန်းသွားသည့် မလေးရှားလေယာဉ်သည် မပျောက်ဆုံးမီ တစ်နာရီကျော်ကျော်ခန့်တွင် မူလပုံမှန်လမ်းကြောင်းမှ တစ်ဆင့် မိုင်ပေါင်းရာချီဝေကွာသွားသည့်နေရာအထိ သွေဖည်သွားခဲ့သည်ဟု မလေးရှားစစ်ဘက်ရေဒါတွင် တွေ့ရကြောင်း မလေးရှားစစ်ဘက်အရာရှိများက စီအင်န်အင်န်သတင်းဌာနသို့ပြောကြားသည်။ မလေးရှားတာဝန်ရှိသူများက လေယာဉ်နှင့်ဆက်သွယ်မှုပြတ်တောက်သွားသည့်နေရာမှာ မလေးရှားအရှေ့ဘက်ကမ်းရိုးတန်းအနောက်ဘက် မိုင်ပေါင်း ရာချီဝေးကွာသည့် မလက္ကာရေလက်ကြားပေါ်တွင် ဖြစ်ကြောင်းပြောကြားသည်။ အဆိုပါအချက်နှင့် အခြားသော မလေးရှားတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များမှန်ကန်ခဲ့လျှင် လေယာဉ်နှင့် မည်သည့်အတွက် အဆက်အသွယ်ပြတ်တောက်ခဲ့ရသလဲ၊ လေယာဉ်က ဘယ်ကိုမောင်းသွားသလဲ၊ ဘယ်နေရာမှာ ရပ်တန့်သွားသလဲ စသည့် မေးခွန်း



ပေါင်းများစွာဖြင့် ပညာရှင်များပင် ခေါင်းရှုပ်စရာ ပြဿနာဖြစ်လာသည်။

ပျောက်ဆုံးနေသည့် မလေးရှားလေယာဉ်ကို တရုတ်နိုင်ငံက ကမ္ဘာမြေ၏ပုံရိပ်ကို ဆွဲအားကောင်းစွာရိုက်ယူနိုင်သည့် ဂြိုဟ်တု ၁၀ လုံး၊ ခေတ်မီ ရှာဖွေရေးအထောက်အကူပြုကိရိယာများအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှရေတပ်၊လေတပ်များက သင်္ဘောများ၊ လေယာဉ်များဖြင့် လေယာဉ်ပျက်ကျသည်ဟု ယူဆရသည့် တောင်တရုတ်ပင်လယ်ပြင်၊ ထိုင်းပင်လယ်ကွေ့၊ မလက္ကာရေလက်ကြားတို့တွင် ငါးရက်တိုင်တိုင်ကြိုးစားရှာဖွေနေသော်လည်း ခိုင်မာသည့် သက်သေအထောက်အထားမတွေ့ရသေးပေ။

မလေးရှားနိုင်ငံတွင် Raja Bomoh Sedunia Nujum VIP ဟု လူသိများသည့် Ibrahim Mat Zin ဆိုသူနတ်ဆရာကြီးတစ်ဦးက နောက်လိုက်နောက်ပါ လူတစ်စုနှင့် မတ် ၁၂ ရက်တွင် ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်သို့ လာရောက်ပြီး မန်းထားသည့်ရေ၊ အုန်းသီးနှစ်လုံး၊ ညှို့ယူဖမ်းစားနိုင်သည့် တုတ်တစ်ချောင်း၊ ကြိမ်ခြင်းတစ်လုံးနှင့် ကော်ဇောတစ်ချပ်တို့ကို ယူဆောင်လာကာ ရိုးရာနည်းများ အသုံးပြု၍ ပျောက်ဆုံးနေသည့် လေယာဉ်ကို ရှာဖွေခဲ့သည်ဟု မလေးရှားစတားသတင်းစာတွင် ဖော်ပြသည်။ Ibrahim Mat Zin ဆိုသူနတ်ဆရာကြီးသည် ယခုကဲ့သို့ ရိုးရာနည်းကို အသုံးပြု၍ လေယာဉ်ရှာဖွေသည်မှာ ဒုတိယအကြိမ်ဖြစ်ပြီး တနင်္လာနေ့က ကွာလာလမ်ပူ လေဆိပ်သို့ လာရောက်၍ ဝါးမှန်ဘီလူးနှင့် ငါးများချိတ်တစ်ခု ယူဆောင်လာကာ လေယာဉ်ရှာပုံတော်ဖွင့်ခဲ့ပြီးဖြစ်သည်။**(အပေါ်ဝဲပုံ)**

ယခုအခါ မလေးရှား လေယာဉ်ပျောက်ဆုံးမှုသည် ခေတ်မီနည်းပညာများ၊ ဗေဒင်ပညာလောကနှင့် နတ်ဆရာလောကတို့ကိုပါ စိန်ခေါ်မှုတစ်ခုဖြစ်လာပါကြောင်း။

ဘာသာပြန် - အောဝမ်းစိုး






# တိုင်းရင်းဆေးစွမ်းကောင်းများရှိပါသည်

**ခင်မောင်ဌေး(ပညာရေး)**

ဆေးကုသမှုလိုင်စင်မရှိဘဲ နိုင်ငံခြားသားများ ဝင်ရောက်ကုသပေးနေသည့် ပုဂ္ဂလိကဆေးရုံတစ်ရုံကို ကျန်းမာရေးဝန်ကြီးဌာနက လိုင်စင်ပယ်ဖျက်၍ အရေးယူလိုက်ကြောင်းသိရသည်။ အလားတူ အရေးယူမှုမျိုး လမ်းမတော်မြို့နယ်ထဲတွင်လည်းရှိခဲ့ဖူးကြောင်း သိရပါသည်။

အသေအချာဆန်းစစ်ကြည့်လျှင် ဤသို့သောဆေးပေးခန်းများ၊ ဆေးကုခန်းများ ရန်ကုန်မြို့ဝန်းကျင်တွင် ဖွင့်လှစ်ရောင်းချကုသနေကြောင်း သတင်းများပျံ့နှံ့နေ၏။ ယင်းဆေးခန်းများကို လူအများသိရှိစေရန် လက်ကမ်းကြော်ငြာများ၊ ကြော်ငြာစာအုပ်ငယ်များပြုလုပ်၍ လူစည်ကားရာနေရာများတွင် လိုက်လံဝေငှလျက်ရှိသည်ကိုလည်းတွေ့ရ၏။ အချို့ကြော်ငြာများတွင် မပြောအပ်၊ မဆိုအပ်၊ မရေးသားအပ်သည်များကိုပင် ထည့်သွင်းရိုက်နှိပ်ဖော်ပြထားကြောင်း ဖတ်ရှုခဲ့ရသူတပည့်တစ်ဦး၏ ပြောပြချက်အရသိရသည်။

ဤကဲ့သို့ဆေးကုခန်းများ၊ ဆေးအရောင်းဌာနများ လျင်မြန်စွာတိုးပွားလာရသည့် အကြောင်းထဲတွင် ကော်မရှင်ပေး၍ စည်းရုံးသိမ်းသွင်းခြင်းဖြစ်သည်။ အနီးဆေးခန်းသို့ လူနာတစ်ဦးခေါ်လာလျှင်(ဝါ)ထိုလူနာက ဝယ်ယူလိုက်သည့်ဆေးပစ္စည်းတန်ဖိုးပေါ်တွင် ကော်မရှင်သဘောမျိုး မြိုးမြိုးမြက်မြက်ရနိုင်သည့် အခွင့်အရေးပင်ဖြစ်သည်။ များများခေါ်နိုင်လေ ဝင်ငွေများများရနိုင်သည့်အလုပ်ဖြစ်သည်။

ယခုအခါ ထိုသို့ဆေးဝယ်ယူသုံးစွဲရန် စည်းရုံးသိမ်းသွင်းသူများထဲတွင် ဘွဲ့ရလူငယ်လူရွယ်များ(ကျား/မ) ပင်ပါဝင်လာသည်ကိုတွေ့ရ၏။ ဤဆေး၏ ကောင်းကျိုးအဖြာဖြာကို ရွှန်းရွှန်းဝေအောင်ပြောပြတတ်ကြ၏။ စီဒီပြားနှင့်အသင့်ရိုက်ကူးထားသည့် အခွေများကိုလည်း အိမ်တွင်ဖွင့်ကြည့်နိုင်ရန်ပေး၏။

စာရေးသူ၏မိတ်ဆွေတစ်ဦးမှာ ထိုသို့သောဆေးရောင်းဆေးဝယ်မှုတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အပေါင်းအသင်းကောင်းသူပီပီ ဆေးဝယ်ယူသုံးစွဲရန် စည်းရုံးရေးကောင်းသူဖြစ်၏။ တစ်လတစ်လ ကော်မရှင်ခသိန်းဂဏန်းချီ၍ ထုတ်ယူရရှိနေ၏။ ထိုသူနှင့်တွေ့သောအခါ "အဲဒီဆေးကို ခင်ဗျားရောစမ်းသုံးကြည့်ဖူးသလား။ ဒါမှမဟုတ်သုံးတဲ့သူတွေ ဘယ်လိုနေလဲသိလား"ဟု မေးကြည့်သောအခါ "အဲဒါတော့ ကျွန်တော်မစပ်စုကြည့်ဘူး၊ ဆေးများများဝယ်ဖို့ပဲ ကျွန်တော်လုပ်တယ်"တဲ့ ကောင်းရော။

စာရေးသူတို့နိုင်ငံတွင်းရှိ လူအများစုတို့သည် ရိုးသားကြပါသည်။ တစ်ဦးနှင့်တစ်ဦးခင်မင်ရုံဖြင့် ယုံကြည်တတ်ကြပါသည်။ တစ်ဦး၊ နှစ်ဦးလောက်က ကောင်းတယ်ဟုဆိုလျှင် ယုံကြပါသည်။ အလွန်အမင်းရင်းချာသူများက ပြောလျှင် မေးရစမ်းရမှန်းပင်မသိ။ လုံးဝယုံကြည်စိတ်ချတတ်ကြပါသည်။ အယုံလွယ်၍ လိမ်လည်ရန် လွယ်ကူနေခြင်းပင်ဖြစ်ပါသည်။

တစ်နေ့က စာရေးသူထံတွင် ဖြစ်တတ်သည့် ရောဂါပြန်ပေါ်လာပြန်ပါသည်။ အခြားမဟုတ်။ ဆီးကျောက်တည်သည့်ရောဂါ။ ခါးနည်းနည်းပြန်ကိုက်လာသည်။ ဆီးသွားရသည်မှာ ပေါပေါများများမရှိလှ။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ဤသို့တစ်ကြိမ်ဖြစ်ဖူးသည်။ နယ်မှာရှိစဉ်မို့ ခွဲလည်းမခွဲချင်၊ ကြိတ်မှိတ်ခံခဲ့သည်။ ထိုစဉ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆေးမြီးတိုကလေးတစ်ခုပါလာသည်။ ယင်းဆေးနည်းမှာ မုန်လာဥ (အဖြူ)ကို သတ္တုရည် ညှစ်၍ ဖန်ခွက်တစ်ဝက် တစ်နေ့သုံးကြိမ်သောက်ရန်ဖြစ်သည်။ ဆေးရုံမတက်ချင်သူမို့ ယင်းအညွှန်းအတိုင်း သောက်ရာ သုံးရက်နှင့် ဆီးကျောက်ပါထွက်ကျ၍ ပျောက်သွားတော့၏။

မကြာခင်လပိုင်းက ပြန်ဖြစ်သောအခါ ဓာတ်မှန်ရိုက်ကြည့်ဖြစ်၏။ ကျောက်ရှိသည်၊ ခွဲသင့်လျှင်ခွဲရမည် ဆိုပြန်၏။ မခွဲချင်၍ မုန်လာဥရည်သောက်ပြန်၏။ သုံးရက်ကြာသောအခါ ပျောက်ပြန်၏။ နှစ်လခန့်ကြာပြီးနောက် ယခုတစ်ခါ ခါးပြန်နာလာပါ၏။ ဓာတ်မှန်ရိုက်ပြန်၏။ (KUG Xray) ကျောက်သုံး၊ လေးလုံးရှိသည်ဟု မှတ်ချက်ပြု၏။ စိတ်နည်းနည်းပူသွား၏။ ကျောက်များကြီးနေပြီလား ဟူ၍ အသိမိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်အနီးရှိ Fame ဆေးခန်းသို့ရောက်၏။ Fame မှ Dr ခင်မောင်လွင်နှင့် မရင်းနှီးပါ၊ ရုပ်မြင်သံကြားတွင် မကြာခဏတွေ့နေရသည်မို့ မှတ်မိပါသည်။ တိုင်းရင်းဆေးအကြောင်း နှံ့နှံ့စပ်စပ်သိသူ အပြောကောင်းသူတစ်ဦးအဖြစ် သိပါသည်။ ယခု ၎င်းတည်ထောင်ထားသည့် Fame ISO လက်မှတ်ရ မြန်မာ့တိုင်းရင်းဆေးစစ်စစ်များ တည်ရှိရာ Fame။ ထိုနေ့က ဆရာနှင့်တွေ့ရာ ဆီးကျောက်မှာသေးသေးကလေးဖြစ်ကြောင်း၊ ယခုပေးလိုက်သည့် တိုင်းရင်းဆေးကိုသောက်၍ အနေအထိုင် အစားအသောက်ပြုပြင်လိုက်လျှင် ပျောက်ကြောင်း၊ စာရေးသူ၏ အမျိုးသမီးမှာလည်း ဆီးချို၊ သွေးချိုနှင့် သွေးတိုးဖြစ်လျက်ရှိရာ ဆရာ့ထံမှ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ရရှိခဲ့ပါသည်။ ဆရာ၏ ဆေးညွှန်းအတိုင်းသောက်ရာ လေးငါးရက်အတွင်းမှာပင် သိသာသောထူးခြားမှုများကို ခံစားခဲ့ရပါသည်။

ဆိုလိုချင်သည်မှာ စာရေးသူတို့၏ ရောဂါများကို ဖော်ပြလိုခြင်းမဟုတ်၊ Fame ကို ကြော်ငြာပေးခြင်းမဟုတ်။ (ကြော်ငြာရန်ပင်မလို) Dr ခင်မောင်လွင်ဆိုသည်မှာလည်း တိုင်းသိ ပြည်သိ ကမ္ဘာသိ။ ပြောချင်သည်က မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားများက တီထွင်ကြံဆသုတေသနပြုကာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ ဆေးဝါးများပေါများလှစွာ ရှိနေခြင်းပင်။ သို့ပါလျက် အဘယ်ကြောင့် နိုင်ငံခြားသားများက နေရာရနေကြပါသနည်း။ အဘယ်သို့သော အသိအမှတ်ပြုမှု၊ ယုံကြည်စိတ်ချရမှုများဖြင့် လူထုအတွင်း တိုးဝင်ပျံ့နှံ့နေရပါသနည်းဆိုသည့်အချက်ပင်။

စာရေးသူအား ပေးလိုက်သည့် တိုင်းရင်းဆေးကို ကြည့်ရာ ဆီးကျောက်ပျော်ဆေးအဖြစ် သံမနိုင်ကျောက်မနိုင် ၁၀၀ မီလီဂရမ်၊ အလိုကျူ ၁၀၀ မီလီဂရမ်၊ နတ်ဆေးဂမုန်း ၈၀ မီလီဂရမ်နှင့် ကျောက်ကွဲပင် ၂၀ မီလီဂရမ် ပါဝင်၏။ ဆီးလမ်းကြောင်းကျောက်တည်ခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးအောင့်ခြင်းတို့အတွက် သုံးနိုင်၏။ ဆိုလိုသည်မှာ ကျောက်ကြေနိုင်သည့် မြန်မာ့ဆေးစွမ်းကောင်းများစွာရှိပါသည်။ သို့သော် စာရေးသူတို့ သုံးစွဲနေသည်မှာ အတိုင်းအဆ ပမာဏမှာခန့်မှန်းခြေမျှသာဖြစ်သည်။ ယခုကဲ့သို့ သုတေသနပြုကာ အတိုင်းအဆနှင့် သုံးစွဲခြင်းသည် ဘေးထွက်ဆိုးကျိုးနည်းပါးကာ ခံစားနေရသည့် ရောဂါဝေဒနာမှ သက်သာပျောက်ကင်းနိုင်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အထူးတင်ပြလိုသည်မှာ မြန်မာ့တိုင်းရင်းဆေးများသည်လည်း အစွမ်းထက်လှပါသည်။ ယုံကြည်စိတ်ချစွာသုံးစွဲနိုင်သည့် အဆင့်တွင် ရောက်ရှိနေပါပြီ။ ယနေ့သုံးစွဲနေသည့် ခေတ်မီနိုင်ငံခြားဖြစ် ဆေးဝါးများသည်ပင်လျှင် ဘယဆေးပင်များကို အခြေခံ၍ သုတေသနပြုထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။ အပြောကောင်း၊ အဆွယ်ကောင်း၍ ရောင်းချနေသော ဆေးဝါးများထက် ကိုယ်တိုင်ကိုယ်ကျ လေ့လာသုံးသပ်၍ မိမိ၏ရောဂါဝေဒနာနှင့် လိုက်ဖက်သော တိုင်းရင်းဆေးများကို သုံးစွဲကြည့်သင့်သည် (အထူးသဖြင့်တိုင်းရင်းဆေးများသည် ချက်ချင်းသောက်၍ ချက်ချင်းပျောက်နိုင်သည်တော့မဟုတ်၊ စိတ်ရှည်သည်းခံ၍ ညွှန်ကြားချက်အတိုင်း အချိန်မှန်မှန်သောက်သုံးဖို့ အနေအထိုင် အသွားအလာ၊ အစားအသောက်ဆင်ခြင်ဖို့တော့ လိုပါသည်)။ တိုင်းရင်းဆေးများသည် သုံးစွဲသူများအတွက် အကျိုးရှိပါသည်။ မည်သူ့ကိုမျှ ငွေကြေးပေး၍ မစည်းရုံးပါ။ (ဆိုလိုသည်မှာ ကော်မရှင်ကြေးများများပေးနိုင်ရင် ဆေးဝါးများအပေါ် ဈေးတင်ခြင်းမရှိ) ဝယ်ယူသုံးစွဲသူအဖို့ သင့်တင့်မျှတသည့် ကုန်ကျစရိတ်သာရှိနိုင်ပါသည်။ လက်တွေ့သုံးစွဲနိုင်သည့် ကုန်ကျစရိတ်သာရှိ၍ ရောဂါဝေဒနာပျောက်ကင်းမှုဆုလာဘ်ကိုသာ ရရှိနိုင်ပါကြောင်း။ ။

> **မြန်မာ့တိုင်းရင်းဆေးများသည်လည်း အစွမ်းထက်လှပါသည်။ ယုံကြည်စိတ်ချစွာသုံးစွဲနိုင်သည့်အဆင့်တွင် ရောက်ရှိနေပါပြီ။ ယနေ့သုံးစွဲနေသည့် ခေတ်မီနိုင်ငံခြားဖြစ် ဆေးဝါးများသည်ပင်လျှင် ဘယဆေးပင်များကို အခြေခံ၍ သုတေသနပြုထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။**

## B.Tech နှင့် B.E ဘွဲ့များအတွက် ပေါင်းကူးဝင်ခွင့် ရရှိမည်

**ရန်ကုန် မတ် ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်တွင်ပါဝင်ပြီး နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် သင်ကြားလျက်ရှိသည့် A.G.T.I နှင့် B. Tech သင်တန်းများ၏ အတန်းတင်စာမေးပွဲတွင် အောင်မြင်ခဲ့သော်လည်း တစ်ဆင့်မြင့်သင်တန်းများသို့ တက်ရောက်ခွင့်မရရှိခဲ့သော ကျောင်းသားများ ပေါင်းကူးဝင်ခွင့် စာမေးပွဲ ဖြေဆိုခွင့်ပေးသွားမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာနမှ ထုတ်ပြန်ထားသော ကြေညာချက်များအရ သိရသည်။

B.Tech နှင့် B.E ဘွဲ့များအတွက် ပေါင်းကူးဝင်ခွင့်ရရန် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ ဖြေဆိုရာတွင် အင်္ဂလိပ်စာနှင့် မိမိတို့အဓိကယူထားသော သက်ဆိုင်ရာဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်သည်။ ဝင်ခွင့်အရည်အချင်းစစ် ဖြေဆိုလိုသော ကျောင်းသားများအနေဖြင့် မိမိတို့ ဖြေဆိုအောင်မြင်ခဲ့သည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဖြေဆိုခွင့်လျှောက်လွှာများနှင့်ဖြေဆိုရမည့် ဘာသာရပ်အလိုက် Scope များအား မတ် ၁၀ ရက်မှစတင်၍ ဧပြီ ၈ ရက် နောက်ဆုံးထားတင်သွင်းရရှိမည်ဖြစ်ကြောင်း စက်မှုနှင့်သက်မွေးပညာဦးစီးဌာနမှ သိရသည်။

B.Tech နှင့် B.E ဘွဲ့များအတွက် ပေါင်းကူးဝင်ခွင့်ပြုရာတွင် ၂၀၁၀-၁၁၊ ၂၀၁၁-၁၂၊ ၂၀၁၂-၁၃ ပညာသင်နှစ်များတွင် A.G.T.I နှင့် B. Tech အောင်မြင်ခဲ့သော ကျောင်းသားများ ပေါင်းကူးဝင်ခွင့်ပြုပေးခြင်းဖြစ်ကြောင်းသိရှိရပြီး အရည်အချင်းစစ်စာမေးပွဲများအား လာမည့် ဇူလိုင် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖြေဆိုရမည်ဖြစ်သည်။

**(မောင်မိုးမောင်)**

## ဒိုက်ဦးမြန်မာ့စီးပွားရေးဘဏ် နားနေဆောင်ဆောက်လုပ်

**ဒိုက်ဦး မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ယူလျက်ရှိသော အငြိမ်းစားများသည် ဧပြီ ၁ ရက်တွင် ထပ်ဆောင်းလစာထုတ်ယူရန် ကျန်ရှိသူများ ဘဏ်နှင့်အမြန်ဆုံးဆက်သွယ်ထုတ်ယူကြပါရန် ပင်စင်စားကြီးများထံမှ သိရသည်။

ထို့အပြင် ပင်စင်စားကြီးများပင်စင်လစာထုတ်ယူရန်ဘဏ်သို့ကြွရောက်လာကြသည့်အခါ နားနေရန်အဆောက်အအုံ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းနှင့် ထိုင်ခုံများလည်း စီစဉ်ထားကြောင်း သိရသည်။

**(ဆရာခ-ဒိုက်ဦး)**





## လွှတ်တော်ရေးရာ

**❋ ပြည်သူ့လွှတ်တော်မှ**

**အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများကို ယခုထက် ပိုမိုချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစာပေဆုကို ဘာသာရပ်(၁၆)မျိုး ချီးမြှင့်ပေးလျက်ရှိပြီးအမျိုးသားစာပေဆုအတွက် ချီးမြှင့်ငွေများကို ၁၉၇၈ ခုနှစ်မှစ၍ အဆင့်ဆင့်တိုးမြှင့်ပေးခဲ့ရာ ၂၀၁၂ ခုနှစ်မှာ ဆုတစ်ဆုလျှင် ဆယ်သိန်းကျပ်အထိ တိုးမြှင့်ချီးမြှင့်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၀၁ ခုနှစ်မှစတင်၍ သက်ရှိထင်ရှား စာရေးဆရာကြီးများထဲမှ သုတ၊ ရသများကို ရေးသားပြုစုပြီး မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သူများကို "အမျိုးသားစာပေတစ်သက်တာဆု" အဖြစ် ချီးမြှင့်ခဲ့ရာ မူလကစာပေပညာရှင်(၁)ဦးသာ ရွေးချယ်ပြီး ဆုကြေးငွေကျပ် (၁၀)



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး။



လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်။

သိန်းချီးမြှင့်ခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် (၃)ဦးအထိရွေးချယ်ပြီး ဆုကြေးငွေ တစ်ဦးလျှင် ကျပ် (၁၅)သိန်းအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့ပါကြောင်း။

အလားတူ "စာပေဗိမာန်စာမူဆု" ကိုလည်း အခါအားလျော်စွာ ဘာသာရပ်များ တိုးမြှင့်သတ်မှတ်ခဲ့ရာ ယခု အခါဘာသာရပ်(၁၃)မျိုးရှိပြီး "စာပေဗိမာန်စာမူဆု" ဆုချီးမြှင့်ငွေများကို အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ၂၀၁၂ ခုနှစ်မှာ ပထမဆု(ကျပ်ငါးသိန်း)၊ ဒုတိယဆု(ကျပ်သုံးသိန်း)၊ တတိယဆု (ကျပ်နှစ်သိန်း) အထိ ချီးမြှင့်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ချီးမြှင့်ငွေများမှာ ၂၀၁၁ ခုနှစ် ဆုနှင်းသဘင် ချီးမြှင့်ခဲ့မှုနှင့် နှိုင်းယှဉ်ပါက အမျိုးသားစာပေတစ်သက်တာဆုတွင် (၅၀) ရာခိုင်နှုန်း၊ အမျိုးသားစာပေဆုတွင် (၁၀၀)ရာခိုင်နှုန်းနှင့် စာပေဗိမာန်စာမူဆုများတွင် (၁၀၀)ရာခိုင်နှုန်းနှင့်အထက် တိုးမြှင့်ပေးခဲ့ကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

စာပေဆုချီးမြှင့်ငွေများနှင့် ပတ်သက်၍ တစ်သက်တာစာပေဆုချီးမြှင့်ငွေကို လေးဆ (သို့မဟုတ်) ငါးဆ၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို နှစ်ဆ(သို့မဟုတ်) သုံးဆစသည်ဖြင့် တိုးမြှင့်ချီးမြှင့်နိုင်ရေးဆိုသည့် အကြံပြုချက်မှာ စာပေပညာရှင်ကြီးများအတွက် လွန်စွာသင့်လျော်သည့် သတင်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မူလနှုန်းထားအတိုင်း လျာထားတောင်းခံပြီး ဖြစ်ပါသဖြင့် နောင်လာမည့်နှစ်များမှာ ဆတိုးပိုမိုချီးမြှင့်နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **"အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းပြင်ဆင်ရသည့် ရည်ရွယ်ချက်မှာ နေပြည်တော်ကောင်စီနယ်မြေနှင့် နောင်ဖြစ်ပေါ်လာမည့် ပြည်ထောင်စုနယ်မြေများအတွင်း ဖြစ်ပွားသော အငြင်းပွားမှုများအား ဖြေရှင်းပေးမည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့အား ဖွဲ့စည်းရန်၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ ချမှတ်ပြီးသည့် ဆုံးဖြတ်ချက်များအား အချို့အလုပ်ရှင်များမှ လိုက်နာမှုမရှိသဖြင့် လိုက်နာဆောင်ရွက်လာစေရန်၊ ပြစ်ဒဏ်သတ်မှတ်ချက်များတွင် ငွေဒဏ်သာပါရှိပြီး ထောင်ဒဏ်သတ်မှတ်ချက် မပါရှိသဖြင့် ထောင်ဒဏ်သတ်မှတ်ချက် ထည့်သွင်းခြင်းဖြင့် ပိုမိုလိုက်နာဆောင်ရွက်မှုရှိစေရန်နှင့် ဟန့်တားရာရောက်သည့် ပြစ်ဒဏ်ဖြစ်စေရန်တို့အတွက် ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။

**(သတင်းစဉ်)**

**❒ အမျိုးသားလွှတ်တော်မှ**

သွားသည်ဖြစ်စေ နိုင်ငံ့အရေးအရာ စီမံခန့်ခွဲမည့်သူကို နိုင်ငံသားစစ်စစ်ကိုသာ ရွေးချယ်တင်မြှောက်ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံအချုပ်အခြာအာဏာသည် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား သို့မဟုတ် ပြည်ထောင်စုသားတိုင်းရင်းသားများမှ ဆင်းသက်လာသည်မှာ ထင်ရှားပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"ဟု ပြဋ္ဌာန်းပါရှိပါကြောင်း။

ယခုဥပဒေသည် နိုင်ငံတော်အတွက် အရေးကြီးသည့် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနိုင်သည့် ပါတီတည်ထောင်လိုသူများ၏ အရေးကိစ္စဖြစ်ပါကြောင်း၊ ပါတီဝင်များထဲမှ ပုဂ္ဂိုလ်များသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ရပါကြောင်း၊ ထို့ပြင် နိုင်ငံအတွက် အရေးကြီးသည့်ကိစ္စရပ်များအား အဆုံးအဖြတ်ပြုရာတွင် ပြည်ထောင်စုတိုင်းရင်းသားစစ်စစ် ပါဝင်ရန် အထူးလိုအပ်ပါကြောင်း၊ နိုင်ငံသားမဟုတ်သူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားနှင့်ဆက်နွယ်သူတစ်ဦးဦးအား နိုင်ငံရေးပါတီ



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဟာရှိန်းဘွေ။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးပေါ်လျှံလွင်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးအုန်းတင်။

တည်ထောင်သူ သို့မဟုတ် တည်ထောင်သူများအဖွဲ့တွင် ပါဝင်ခွင့်ပြုပါက နိုင်ငံခြားသားများ လက်သို့ အချုပ်အခြာအာဏာကို လွှဲပေးသကဲ့သို့ ဖြစ်သွားနိုင်ကြောင်း။

နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံကိုင်ဆောင်ထားသူ ဟူ၍ မိမိတို့နိုင်ငံတွင် အမျိုးမျိုးရှိပါကြောင်း၊ မည်သည့်လက်မှတ်ကို ကိုင်ဆောင်သည်ဖြစ်စေ နိုင်ငံသားစစ်စစ် ကတ်ပြားမဟုတ်ပါက ပါတီတည်ထောင်သူစာရင်းတွင် မပါဝင်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နိုင်ငံသားများ၏ မူလအခွင့်အရေး နှင့် တာဝန်များအခန်း ပုဒ်မ ၃၄၅ တွင် "အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ကြသည်။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ"ဟူ၍ နိုင်ငံသားဖြစ်ရမည့်သူများ၏ အရည်အချင်းကို အတိအလင်းဖော်ပြထားပါကြောင်း။

ယင်းပြဋ္ဌာန်းချက်များတွင် "ဧည့်နိုင်ငံသား၊ ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူ" ဆိုသည့် စကားရပ်မပါရှိပါကြောင်း၊ နိုင်ငံရေးပါတီတည်ထောင်သူများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့် ကွဲလွဲနေပါကြောင်း၊ အဆိုပါဖွဲ့စည်းပုံခြေခံဥပဒေ ပုဒ်မ (၄၄၉)တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အခန်း(၁၀) တွင် နိုင်ငံရေးပါတီများ၏ကဏ္ဍ ပုဒ်မ (၄၀၄)တွင် နိုင်ငံရေးပါတီ တစ်ရပ်သည် (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိရမည်၊ (ခ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ပါ၍ နိုင်ငံရေးပါတီ တစ်ရပ်ဆိုသည်မှာ နိုင်ငံသားများနှင့် ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီ တစ်ရပ်ကို ဆိုလိုပါကြောင်း၊ ဧည့်နိုင်ငံသားများ၊ ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်သူများနှင့် ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီတစ်ရပ်ကို ဆိုလိုခြင်းမဟုတ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

# ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၂**

ကျန်းမာရေးပညာလုပ်ငန်းအဖွဲ့၏ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး တတိယအကြိမ် ဆွေးနွေးပွဲကို မတ် ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားကျန်းမာရေးပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)နှင့် တာဝန်ရှိသူများက လက်ရှိကျန်းမာရေးပညာပေး အခြေအနေပြုပြင်ပြောင်းလဲရန် လိုအပ်သည့် လုပ်ငန်းများအဖြစ် ကျန်းမာရေးပညာဌာနအနေဖြင့် ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာရရှိစေရန် ရုပ်မြင်သံကြား၊ ရေဒီယို၊ FMများ၊ သတင်းစာဂျာနယ်များတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ကဏ္ဍတစ်ခုထားရှိပြီး ကျန်းမာရေးပညာပေးအချက်အလက်များ ပုံမှန်ထည့်သွင်းရန်၊ ကျန်းမာရေးပညာပေးခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန်၊ သုတေသနလုပ်ငန်းများကို အခြားဆက်စပ်သော နှီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျေးလက်ဒေသအထိ ကျန်းမာရေးပညာ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ ဝေးလံခက်ခဲသည့် ဒေသများအထိ သွားရောက်ပညာပေးနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ဒေါပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနွယ်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်တို့က ရှင်းလင်းကြသည်။ ထို့နောက် ရပ်ကွက်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌများနှင့် စာရင်းကောက်ယူရေးဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

# သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း လှုံ့ဆော်ရေးဆိုင်းဘုတ်တင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**ပေါင်းတည် မတ် ၁၂**

ပေါင်းတည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့်အဖွဲ့သည် မတ် ၃ ရက် မွန်းတည့် ၁၂ နာရီက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လူထုအသိပညာပေး လှုံ့ဆော်ရေးပိုစတာ ဆိုင်းဘုတ်တင်ပွဲကို ကျင်းပကြောင်း သိရသည်။

ထို့ပြင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက် ဦးဆောင်၍ ဟာသသရုပ်ဆောင်များဖြစ်ကြသော စိန်သီး၊ ပန်းသီး၊ ဇီးသီးနှင့်အဆိုတော် အိမ့်ချစ်တို့အဖွဲ့သည် မတ် ၄ ရက် ည ၇ နာရီမှစ၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ၄၁ ချက်အား ဟောပြောပြီး တေးသီချင်းများဖြင့် ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**(အေးအေးခိုင်)**



ပြည်တွင်းရေးရာ

# နိုင်ငံခြားမှာ အလုပ်လုပ်တဲ့ အခွင့်အရေးလေးပေးစေချင်ပါတယ်

မယ်ရွှေကျီး

မကြာသေးမီကာလက အိမ်တွင်းအထောက်အကူပြု အလုပ်သမားများအကြောင်းကို သတင်းဂျာနယ်နှင့် အင်တာနက်စာမျက်နှာများတွင် ဖတ်ရှုရတာကြောင့် ကျွန်မ အနေနဲ့ လက်လှမ်းမီသမျှ လေ့လာပြီးရေးသားတင်ပြလိုတဲ့ စိတ် ဖြစ်ပေါ်လာပါတယ်။ ဒါပေမယ့် လူတစ်ဦးနဲ့တစ်ဦးဟာ လုပ်ငန်းတစ်ခုအပေါ်မှာ ကြည့်တဲ့ရှုထောင့်အယူအဆ အပေါ် မူတည်ပြီးတော့လည်း အကျိုးရလဒ်တွေက ကွာခြားသွားနိုင်ပါတယ်ဆိုတာလည်း ပြောလိုပါတယ်။

လူတွေမှာ တစ်ဦးနဲ့တစ်ဦး မတူညီကြပါဘူး။ အချို့သော လူတွေဟာ ခန္ဓာကိုယ်ခြေလက်ပြည့်စုံစွာ ရှိနေသော်လည်း တောင်းရမ်းစားသောက်နေခြင်း၊ သူတစ်ပါးပစ္စည်း ခိုးယူခြင်းနှင့် လိမ်လည်အနိုင်ကျင့်စားသောက်နေသူများထက် မိမိ၏ကာယစွမ်းအားဖြင့် သမ္မာအာဇီဝကျကျရိုးသားစွာ လုပ်ကိုင်စားသောက်ခြင်းသည်ပင် မွန်မြတ်သောဘဝ ရပ်တည်မှုတစ်ခုဖြစ်တယ်လို့ မြင်ပါတယ်။ ဒီနေ့ ဒီမိုကရေစီခေတ်မှာ လူတိုင်းဟာ မိမိကြိုက်နှစ်သက်ရာ အလုပ်ကို လွတ်လပ်စွာ ရွေးချယ်လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်ကြပါတယ်။

> တရားဝင်ကတိကဝတ်တွေပေးပြီးမှ နှစ်ဖက်တရားဝင်အေဂျင်စီတွေ လုပ်ကြတယ်။ စနစ်တကျ ဘာသာစကားတွေ၊ လုပ်ငန်းနဲ့ပတ်သက်တဲ့အချက်အလက်တွေကို သုံးလသင်တန်းပေးပြီး စေလွှတ်တယ်။ သွားမယ့်အလုပ်သမားတွေရဲ့ မိဘ၊ ဆွေမျိုးတွေကလည်း တရားဝင်လွှတ်တဲ့အေဂျင်စီကို သိနေတယ်ဆိုတော့ အရင့်အရင်တွေကထက် ကောင်းတဲ့လုပ်ငန်းစဉ်ဆိုတာတော့ အမှန်ပဲပေါ့။

ဒါပေမယ့်လည်း ကျွန်မတို့ဘယ်လိုပဲ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ချင်ကြပေမယ့် ယနေ့ပြောင်းလဲနေတဲ့ ကမ္ဘာကြီးရဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် အချို့ ရေကြီးတာတွေ၊ လေမုန်တိုင်းတိုက်ခတ်တာတွေ၊ မိုးခေါင်ရေရှားတာစတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ဘဝ ရပ်တည်နိုင်ဖို့အတွက် ရေကြည်ရာမြက်နုရာကို သွားကြပြီး လုပ်ကိုင်စားသောက်နေကြရပါတယ်။ ဒါတွေက တခြား ဝေးဝေးလည်း ကြည့်စရာမလိုပါဘူး။ နာဂစ်ဒဏ်ခံစားရတဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ မိုးခေါင်ရေရှားတဲ့ အညာဒေသက ကျေးရွာအချို့တွေကို လေ့လာကြည့်ရင်လည်း တွေ့ရမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ကိုင်ရာမှာ လူတိုင်းဟာ သင့်တင့်ကောင်းမွန်တဲ့ အလုပ်အကိုင်တွေ ရရှိဖို့လိုပါတယ်။ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ဆိုသည်မှာ လုပ်သားတစ်ဦးက လုပ်အားစွမ်းရည်စိုက်ထုတ်လုပ်ကိုင်သည်နှင့် အညီ စွမ်းဆောင်ရည်/ကျွမ်းကျင်မှုနှင့် ထိုက်တန်သော လုပ်ခလစာ ရရှိစေခြင်း၊ အလုပ်တည်မြဲခြင်း၊ လုပ်ငန်းတွင်း ဘေးကင်းလုံခြုံမှုရှိ၍ တရားနည်းလမ်းတကျ လုပ်ကိုင်နိုင်ခြင်း၊ လူမှုရေးအကာအကွယ်ရရှိခြင်း၊ မိသားစု လူမှုရေးတန်ဖိုးအလေးထားလျက် အလုပ်အကိုင်ဆိုင်ရာ ရပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ဆွေးနွေးတင်ပြခွင့်၊ တန်းတူညီမျှ အခွင့်အရေးရရှိခြင်းနှင့် မျှော်ကိုးနိုင်သော ရှေ့တက်လမ်းဖော်ဆောင်ထားရှိ၍ ဘဝတိုးတက်ရေး ကြိုးစားအားထုတ်ခွင့် လမ်းဖွင့်ထားခြင်းပဲ ဖြစ်ပါတယ်။

ယနေ့ အလုပ်အကိုင်ရှားပါးမှု ပြဿနာတွေကလည်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပြဿနာတစ်ရပ်၊ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေတယ်။ အဓိကကတော့ ကိုယ်လိုချင်တဲ့အလုပ်ကို လူတိုင်းစိတ်ကြိုက်ရွေးချယ်လုပ်ကိုင်ခွင့် နည်းပါးလာတယ်။ မိမိဘဝရပ်တည်ဖို့အတွက်ပဲ အလုပ်လုပ်နေခဲ့ကြရတာပဲ ဖြစ်ပါတယ်။ ကျွန်မ လေ့လာထားမိသလောက်တော့ ကမ္ဘာ တစ်ဝန်းလုံးရှိ ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ခန့်ရှိသည့် အနက်မှာ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားဦးရေဟာ ၂၁၄ သန်းခန့်ရှိကြောင်း သိရှိရပြီးတော့ ၂၀၁၁ ခုနှစ်တွင် သူတို့ရဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၄၀ ဘီလီယံလောက်ရှိတာကို တွေ့ရပါတယ်။ အမျိုးသမီး အလုပ်သမားဦးရေဟာ ထက်ဝက်ခန့်ရှိပြီး အာရှဒေသမှာ အမျိုးသမီးအလုပ်သမား ၄၀ ရာခိုင်နှုန်းလောက်ရှိကြောင်းလည်း သိထားပါတယ်။

ကျွန်မတို့ရဲ့ အာဆီယံနိုင်ငံတွေထဲမှာပဲ အိမ်တွင်းအထောက်အကူပြုအလုပ်သမား (Domestic Worker) ဆိုပြီး အစောကြီးကတည်းက ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံသားတွေဟာလည်း ထွက်ပြီး အလုပ်လုပ်ကိုင်နေခဲ့ကြတာလည်း တွေ့ရမှာပါ။ သူတို့တွေရဲ့ မိသားစုကို ပြန်ပို့တဲ့ငွေတွေကလည်း မနည်းပါဘူး။ အရင်က ကျွန်မတို့ရဲ့နိုင်ငံက ပွင့်ပွင့်လင်းမရှိခဲ့လို့ အမျိုးသမီးတွေကို ပြည်ပနိုင်ငံတွေကို တရားဝင် မလွှတ်ခဲ့ဘူး။ သူတို့ရဲ့ အခြေအနေဘက်က မစဉ်းစားခဲ့ပေးဘူး။ ဒါကြောင့် တရားမဝင်လမ်းကြောင်းတွေကနေ နည်းမျိုးစုံနဲ့ ပြည်ပထွက်ပြီး အလုပ်လုပ်ကြရတော့ အနှိမ်ခံရတဲ့ဘဝ၊ လစာလည်းအပြည့်အဝမရ၊ ဥပဒေနဲ့လည်း အပြည့်အဝ မကာကွယ်နိုင်တဲ့ဘဝ၊ ရဲရဲတင်းတင်း မနေထိုင်ရတဲ့ ဘဝတွေနဲ့ သူများနိုင်ငံမှာ ဒုက္ခရောက်ကြရတာကိုရော သိကြပါရဲ့လား။ စင်ကာပူနိုင်ငံမှာ အိမ်တွင်းအထောက်အကူပြု အလုပ်သမားတစ်ယောက်ရဲ့ လစာဟာ တရားဝင် စင်ကာပူ ဒေါ်လာ ၄၅၀ လောက်ရှိပေမယ့် တရားမဝင်သွားခဲ့ကြလို့ ဒေါ်လာ ၃၅၀ လောက်နဲ့ပဲ အချို့လုပ်ကိုင်နေကြတာ တွေ့နေရပါတယ်။ ယခုစင်ကာပူမှာ တရားမဝင် ရောက်နေကြတာ မြန်မာအမျိုးသမီး ၂၀၀၀၀ ကျော်ရှိနေတယ်လို့ သိရပြီး ပိုဆိုးတာက သူတို့နိုင်ငံရဲ့ သတင်းစာတွေမှာတောင် မြန်မာအမျိုးသမီးများကို အိမ်တွင်းအထောက်အကူပြုအလုပ်သမားများအဖြစ် ခေါ်နိုင်ကြောင်း ကြော်ငြာထည့်နေတာ တွေ့နေရတာပါပဲ။

အိမ်တွင်းအထောက်အကူပြုလုပ်သားဆိုတာ အိမ်ထောင်စုတစ်ခုမှာ အလုပ်ရှင်၏ ဝန်ဆောင်မှုကိစ္စတွေကို ဆောင်ရွက်သောသူ တစ်ဦးချင်း(သို့မဟုတ်) မိသားစုတစ်ခုရဲ့ အိမ်မှုကိစ္စများဖြစ်တဲ့ အိမ်တွင်းဧည့်ကြိုများ၊ သန့်ရှင်းရေးအလုပ်သမားများ၊ ဥယျာဉ်မှူးများ၊ ယာဉ်မောင်းများ၊ ချက်ပြုတ်သူများ၊ အိမ်တွင်းမှုပစ္စည်းများကို ကြံခိုင်ထိန်းသိမ်းမှုပြုပေးသူများ၊ ကလေးသူငယ်စောင့်ရှောက်သူများ၊ သက်ကြီးရွယ်အို စောင့်ရှောက်သူများ၊ ကလေးသူငယ်များကို စာသင်ပေးသူများ၊ မီးပူတိုက်ခြင်းနှင့် ဈေးဝယ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသူများ၊ အိမ်တွင်း ကျန်းမာရေးဝန်ထမ်းများ၊ အိမ်မွေးတိရစ္ဆာန်များကို ထိန်းကျောင်းပေးသူများ စသည့်အလုပ်တွေကို လုပ်ကိုင်ကြသူတွေကိုပဲ ခေါ်ဆိုတာပဲဖြစ်ပါတယ်။

ကျွန်မနဲ့တော့ မဆိုင်ပါဘူး၊ အခက်အခဲဖြစ်နေတဲ့ မိသားစုရဲ့ကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပေးနေတာပါ။ ကျွန်မတို့ရဲ့ နိုင်ငံသားတွေ ထိုင်းနဲ့ မလေးရှားနိုင်ငံမှာ အများဆုံး သွားရောက်အလုပ်လုပ်ကိုင်နေကြတယ်။ အရင်က တရားဝင်သွားတဲ့သူကနည်းပြီး တရားမဝင်သွားခဲ့တာတွေက များကြတယ်လေ။ အခုဆိုရင် အလုပ်သမားတွေကို ထိုင်းနိုင်ငံမှာရော မလေးရှားနိုင်ငံမှာပါ အထောက်အထားထုတ်ပေးတဲ့၊ နိုင်ငံကူးလက်မှတ် ထုတ်ပေးတဲ့ စခန်းတွေကို သက်ဆိုင်ရာနိုင်ငံတွေနဲ့ ညှိနှိုင်းပြီး ကိုယ့်လူမျိုးတွေအတွက် အထောက်အထားတွေရအောင်၊ တရားဝင်အလုပ်လုပ်ခွင့်ရအောင်၊ နိုင်ငံတော်အနေနဲ့ လုပ်ပေးနေတာတွေ တွေ့ရပါတယ်။ ထိုင်းနိုင်ငံမှာဆို အထောက်အထားထုတ်ပေးခဲ့တဲ့ အလုပ်သမားက တစ်သန်းခုနစ်သိန်းဆိုတာ နည်းတဲ့အရေအတွက် မဟုတ်ဘူး။ အံ့သြစရာလုပ်ရပ်ကြီးပါပဲ။ အခုလည်း တရားဝင် သွားရောက်အလုပ်လုပ်ပြီး လေးနှစ်ပြည့်တဲ့ အလုပ်သမားတွေအတွက် ဗီဇာသက်တမ်းတိုးပေးဖို့ နိုင်ငံ့ဝန်ထမ်းတွေ ထိုင်းနိုင်ငံကိုသွားပြီး လုပ်နေကြပြီဆိုတာလည်း ဖတ်လိုက်ရပါတယ်။

နိုင်ငံတော်အနေနဲ့ အမျိုးသမီးအလုပ်သမားတွေကို တရားဝင် ပြည်ပနိုင်ငံအချို့ကို စေလွှတ်လာတာကိုလည်း တွေ့နေတယ်။ စင်ကာပူနဲ့ ဟောင်ကောင်နိုင်ငံတွေကို အိမ်တွင်းအထောက်အကူပြု အလုပ်သမားတွေ စပြီး စေလွှတ်တယ်ဆိုတာလည်း သိရတယ်။ တစ်နေ့က ဟောင်ကောင်ကို အိမ်တွင်းအထောက်အကူပြု အလုပ်သမား ၁၉ ဦး စေလွှတ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး Gold Mine ကုမ္ပဏီက သတင်းစာရှင်းလင်းပွဲလုပ်တဲ့နေရာမှာ အလုပ်သမားတွေအတွက် ကာကွယ်စောင့်ရှောက်မှုပေးတဲ့ကိစ္စ၊ ရပိုင်ခွင့်အပိုင်းတွေကြည့်ရတာ ထိုင်းနဲ့ မလေးရှားနိုင်ငံကိုသွားပြီး အလုပ်လုပ်နေသူတွေထက်တော့ သာနေတာ တွေ့ရပါတယ်။ လစာဆိုရင် အမေရိကန်ဒေါ်လာ ၅၀၀ ကျော်(ကျပ်ငါးသိန်းကျော်)ရမယ်ဆိုတော့ မက်လောက်စရာ ဖြစ်နေတယ်။ အခုဟာကလည်း တရားဝင်ကတိကဝတ်တွေပေးပြီးမှ နှစ်ဖက်တရားဝင်အေဂျင်စီတွေ လုပ်ကြတယ်။ စနစ်တကျ ဘာသာစကားတွေ၊ လုပ်ငန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သုံးလသင်တန်း ပေးပြီး စေလွှတ်တယ်။ သွားမယ့်အလုပ်သမားတွေရဲ့ မိဘ၊ ဆွေမျိုးတွေကလည်း တရားဝင်လွှတ်တဲ့ အေဂျင်စီကို သိနေတယ်ဆိုတော့ အရင့်အရင်တွေကထက် ကောင်းတဲ့ လုပ်ငန်းစဉ်ဆိုတာတော့ အမှန်ပဲပေါ့။

သေသေချာချာ လေ့လာမယ်ဆိုရင်တော့ အိမ်တွင်းအထောက်အကူပြု အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်သူအများစုဟာ ပညာအရည်အချင်း နည်းပါးကာ မိသားစုစားဝတ်နေရေး အခက်အခဲကြုံတွေ့နေရတာတွေ၊ အလုပ်အကိုင်အခွင့်အလမ်းအပြင် ဖွံ့ဖြိုးမှုနည်းပါးတဲ့ ဒေသတွေက ဖြစ်နေတာတွေ၊ ဘဝကို တိုးတက်လိုပြီး ဆင်းရဲမှုက လွတ်မြောက်လိုသူတွေပဲ သွားလုပ်ကြတာပါ။ ဘယ်သူက သူများနိုင်ငံကို ဒီလိုအလုပ်အကိုင်အခြေအနေမျိုးနဲ့ သွားချင်ကြပါ့မလဲ။ သူတို့ကို ဘယ်သူမှလည်း အတင်းလွှတ်နေတာ မဟုတ်ပါဘူး။ ကိုယ့်သဘောနဲ့ကိုယ်၊ ကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်ရည်မှန်းချက်နဲ့ကိုယ် သွားကြတာဆိုတာလည်း သတိပြုစေလိုပါတယ်။

အိမ်တွင်းအထောက်အကူပြု အလုပ်သမားဆိုတာ နိုင်ငံတိုင်းမှာ ရှိတယ်ဆိုတာ လက်ခံရမှာပါ။ ကျွန်မတို့နိုင်ငံမှာတောင် အိမ်အတော်များများမှာ ရှိကြပါတယ်။ အခုခေတ်ကာလမှာ တစ်ယောက်လုပ်စာနဲ့ မိသားစုတစ်စုလုံး ထိုင်စားနိုင်တဲ့အခြေအနေမရှိတော့လို့ အလုပ်လုပ်နိုင်တဲ့လူတွေဟာ ဝင်ငွေရတဲ့အလုပ်ကို ထွက်လုပ်ကြပြီး မိသားစုဝင်ငွေကို ဖြည့်ဆည်းပေးနေကြရတယ်။ ဒီလိုအခြေအနေမျိုးမှာ အိမ်တွင်းမှုလုပ်ငန်းတွေ လုပ်ပေးဖို့ ကူဖော်လောင်ဖက် ထားရတာမျိုးလည်း ရှိနေကြတယ်။ အခြားနိုင်ငံရဲ့ ပြဿနာတွေမပြောဘဲ ကိုယ့်နိုင်ငံမှာတောင် အိမ်တွင်းအထောက်အကူပြု အလုပ်သမားကို သတ်လိုက်မိတဲ့ အနုပညာရှင်တောင် ရှိခဲ့တာ မှတ်မိမှာပေါ့။ အဓိကကတော့ လုပ်ရပ်တွေက ပွင့်ပွင့်လင်းလင်း ရှင်းရှင်းလင်းလင်းရှိဖို့နဲ့ ဒီလုပ်ငန်းရဲ့ ဥပဒေခိုင်မာဖို့ပါပဲ။ ကျွန်မ လေ့လာပြီးပါပြီ။ ဟောင်ကောင်ရဲ့ အိမ်တွင်းအထောက်အကူပြု အလုပ်သမားဥပဒေက စင်ကာပူနဲ့ မလေးရှားနိုင်ငံများထက် သာပါတယ်။ ပြည်တွင်းမှာရော ပြည်ပမှာပါ။ ဘယ်သူ့ကိုမေးမေး အိမ်တွင်းအထောက်အကူပြု အလုပ်သမား မလုပ်ချင်ကြပါဘူးဆိုတာ သေချာပါတယ်။ ဒါပေမယ့် ကိုယ့်အခြေအနေနဲ့ကိုယ် ရှိကြတယ်လေ။ ကျွန်မအနေနဲ့ အကြံပြုတင်ပြချင်တာကတော့ မိသားစု ထွက်ပေါက်လေးဖြစ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းကောင်းတစ်ခုကိုတော့ လက်မလွှတ်ချင်ဘူးဆိုတာပဲ ပြောချင်တာပါ။ စမ်းကြည့်ပြီး အခြေအနေမဟန်ရင် ရပ်လိုက်လို့ရပါတယ်။ ကိုယ်က မရပ်ရင်တောင်မှ သူ့ဟာသူ ရပ်သွားပါလိမ့်မယ်။ စောင့်ကြည့်စေချင်ပါတယ်။ ။




သွေးသည် အသက်








## အမြန်ဆုံးဆက်သွယ်ပါရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၈၃၇) မြေအမည်ပေါက် ဦးဝင်း၊ ပါမစ်နှင့်စာရွက်စာတမ်းမူရင်းရှိသူမှ အမြန်ဆုံးဆက်သွယ်ပါရန်။
ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၅၀၆၃၄၀၁၊ ၀၉-၇၃၁၅၄၇၀၁၊
၀၉-၅၁၀၀၈၀၈၊ ၀၉-၄၂၅၀၁၄၁၉၇






# မီးသတ်ဦးစီးဌာနမှ မကွေးတိုင်းဒေသကြီးသို့ မီးငြှိမ်းသတ်ယာဉ်လွှဲပြောင်းပေးအပ်

## ပြည်သူလူထုအကျိုးသယ်ပိုးနိုင်ရန် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်း



**မကွေး မတ် ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ မကွေးတိုင်းဒေသကြီးသို့ မီးငြှိမ်းသတ်ယာဉ်အစီး ၂၀ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ ရပ်ကွက်နေပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက မကွေးတိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အပြင် ဘက်ပေါင်းစုံမှ တိုးတက်မှုရရှိစေရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးတစ်ခု ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို တစ်ဖက်မှတိုးတက်အောင်ဆောင်ရွက်နေရသကဲ့သို့ တစ်ဖက်မှလည်း သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ စည်းစိမ်ဥစ္စာများ၊ အသက်အိုးအိမ်များကို စောင့်ရှောက်ရသော မီးသတ်လုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း၊ ဌာနအဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ မရသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးမှာ သဘာဝ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှု၊ မီးဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သည့် မီးငြှိမ်းသတ်ယာဉ်အစီး ၂၀ ပါဝင်မည်ဆိုပါက မီးငြှိမ်းသတ်ယာဉ် ၁၃၂ စီးရှိလာပြီဖြစ်ကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သောခေတ်မီ မီးငြှိမ်းသတ်ယာဉ်များသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်/ရပ်ကွက်/ကျေးရွာများ၏ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ထိရောက်စွာဆောင်ရွက်နိုင်မည့် မီးငြှိမ်းသတ်ယာဉ်များအဖြစ် ပြည်သူလူထုအကျိုးကို သယ်ပိုးနိုင်ရန်နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက မီးငြှိမ်းသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လင်းအောင်ထံသို့ မီးငြှိမ်းသတ်ယာဉ်အစီး ၂၀ နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ် သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မီးငြှိမ်းသတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ Creative Myanmar Co.,Ltd. မှ ခင်းကျင်းပြသသော ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေးရာ Creative Myanmar Co.,Ltd. မှ ဒါရိုက်တာဒေါက်တာဇော်မျိုးဆွေက ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများ အသုံးပြုခြင်းကို အသေးစိတ်ရှင်းလင်း၍ သရုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(ခရိုင်ပြန်/ဆက်)**

# ကပ်ကာကမ္ဘာအေးစေတီတော် ထီးတော်တင်လှူပူဇော်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ တည်ထားကိုးကွယ်လျက်ရှိသော ကပ်ကာ ကမ္ဘာအေးစေတီတော် ထီးတော်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော်ပါဠိဆရာတော် ၊ တောင်တွင်းကြီးကျောင်းတိုက် ဗိဿနိုး ဆရာတော်၊ မန္တလေးမစိုးရိမ်ကျောင်းတိုက်ဆရာတော်တို့က ဦးဆောင်၍ စေတီတော်၌ တင်လှူပူဇော်မည့် ထီးတော်အား မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကာ ဆရာတော်ကြီးများနှင့် ကြွရောက်လာကြသော ဒည့်ပရိသတ်များက ထီးတော်တင်မင်္ဂလာရထားပျံကြိုးကိုဆွဲ၍ စေတီတော်အား ထီးတော်တင်လှူပူဇော်ကြသည်။

ထီးတော်တင်လှူပူဇော်ပွဲအပြီးတွင် ဆရာတော်ကြီးများနှင့် ဒည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(၀၇၇)**

# အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် မတ် ၁၂**

ဂျပန်နိုင်ငံရှိ အထင်ကရဆက်သွယ်ရေးလုပ်ငန်းအုပ်စုအောက်ရှိ ကေဒီဒီအိုင်အင်ဂျင်နီးယားရင်းကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

မိုဘိုင်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဟူသော ရည်ရွယ်ချက်ဖြင့် ကေဒီဒီအိုင်အင်ဂျင်နီးယားရင်းကော်ပိုရေးရှင်းသည် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့်တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုများကို မတ် ၁၃ ရက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး (MES)၌လည်းကောင်း၊ မတ် ၁၄ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ လည်းကောင်း မွန်းလွဲ ၁ နာရီတွင် အသီးသီးကျင်းပမည်ဖြစ်သည်။

ကေဒီဒီအိုင်အင်ဂျင်နီးယားရင်းကော်ပိုရေးရှင်းအောက်ရှိ Futami Communications & Engineering Co.,Ltd. သည် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီဖြစ်ပြီး ယင်းကုမ္ပဏီအပါအဝင် အစုစပ်ကုမ္ပဏီခြောက်ခုတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**













# ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်
## လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများဝယ်ယူရန်
## တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပုံနှိပ်စက်များ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | 4 Hi Tower 2 Units + Folder Web Offset Printing Machine | - | ၁ လုံး |
| (ခ) | CTP (Computer to Plate) Machine | - | ၃ လုံး |
| (ဂ) | Computer Core 17 Dell Optiplex 9020 MT | - | ၂၀ လုံး |
| (ဃ) | Laptop Computer (Dell Insprion N 5110 Intel Core i5 | - | ၁၀ လုံး |
| (င) | Generator 250 KVA | - | ၂ လုံး |
| (စ) | Air Conditioner (5.0 HP) (Ceiling Type 5.0 Hp) | - | ၆ လုံး |
| (ဆ) | Myanmar Double Cab | - | ၁ စီး |
| (ဇ) | Myanmar Single Cab | - | ၂ စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၃-၃-၂၀၁၄) ရက်မှ (၂၃-၃-၂၀၁၄) ရက်နေ့အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၃-၂၀၁၄ ရက်နေ့ (၀၉း၃၀) နာရီမှ (၁၆း၃၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)
အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း ၀၆၇-၄၁၂၃၂၇



# ဘိုင်ယန်မြူးနစ်နှင့် အက်သလက်တီကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ပြီ

ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များထဲမှ အစောဆုံးပွဲစဉ်နှစ်ပွဲဖြစ်သည့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း၊ စပိန်လာလီဂါကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း စသည့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် အာဆင်နယ်အသင်းတို့၏ ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် နှစ်သင်းစလုံးသည် ၄-၂-၃-၁ ကစားကွက်ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲကစားချိန် ၅၅ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ရိဘာရီ၏ဖန်တီးပေးမှုမှ တစ်ဆင့် ရှက်ဝိန်းစတိုင်ဂါက သွင်းယူပေးခဲ့သဖြင့် အိမ်ကွင်း၌ ဦးဆောင်ဂိုးရရှိခဲ့ပြီး အာဆင်နယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၅၇ မိနစ်တွင် ပိုဒေါစကီးကသွင်းယူပေးခဲ့သည်။

သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဒုတိယအကျော့တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သော်လည်း ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အက်သလက်တီကို မက်ဒရစ်အသင်းနှင့် အေစီမီလန်အသင်းတို့၏ ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပထမပိုင်းပွဲကစားချိန် ၃ မိနစ်မှာပင် တိုက်စစ်မှူးကော်စတာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ၂၇ မိနစ်တွင် ကာကာ၏သွင်းဂိုးဖြင့် အေစီမီလန်အသင်း ချေပဂိုးရရှိခဲ့သည်။ သို့ရာတွင် တူရန်ကတစ်ဂိုး၊ ဂါစီယာကတစ်ဂိုးနှင့် ကော်စတာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သဖြင့် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။




**စပိန်လာလီဂါပွဲစဉ် (၂၈)ကိုလာမယ့် မတ် ၁၅၊ ၁၆၊ ၁၇၊ ၁၈ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ဗီလာရီးယဲလ်နဲ့ ဘီလ်ဘိုဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။**

# စပိန်လာလီဂါရှင်ခုန်သံ – ၂၈

**ဂီတာဖေး-ဂရန်နာဒါ** နံနက် ၂း၃၀(၁၅-၃-၁၄)

ဂရန်နာဒါခြေက ကောင်းမွန်ပါတယ်။ ဂီတာဖေးက ခြေပျက်နေချိန်ဖြစ်ပါတယ်။ ဒါပေမယ့် ဂီတာဖေးကွင်းဖြစ်ပြီး ဂီတာဖေးကလည်း တန်းမဆင်းရဖို့ရုန်း နေချိန်ဖြစ်တယ်။ ဂီတာဖေးတို့ သရေလောက်ကစားသွားနိုင်မှာပါ။

**လီဗန်တေး-ဆယ်တာဗီဂို** ည ၉း၃၀(၁၅-၃-၁၄)

လီဗန်တေးက အခုနောက်ပိုင်းခြေမှန်နေတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဆယ်တာဗီဂိုခြေက အကျဘက်ရောက်နေတယ်။ လီဗန်တေးတို့ အိမ်ကွင်းအားနဲ့ ဖိအားပေးပြီး နိုင်ပွဲရယူသွားမှာပါ။ သွင်းဂိုးနည်းမယ့်ပွဲတော့ ဖြစ်လာမယ်။

**ဗယ်လီကာနို-အယ်မာရီယာ** ည ၁၁း၃၀(၁၅-၃-၁၄)

ဗယ်လီကာနိုက တန်းမဆင်းရဖို့ ရုန်းကန်နေတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ အယ်မာရီယာက တန်းမဆင်းရဖို့ တွန်းအားရှိပေမယ့် ခြေစွမ်းပိုင်းမှာ ဗယ်လီကာနိုကို မမီသလို အဝေးကွင်းအားပျော့တယ်။ ဗယ်လီကာနိုနဲ့ပဲ ရပ်တည်ရမယ်။

**မာလာဂါ-ရီးယဲလ်** နံနက် ၁း၃၀(၁၆-၃-၁၄)

မာလာဂါက တန်းမဆင်းရဖို့ အားစိုက်နေချိန်ဖြစ်ပေမယ့် ရီးယဲလ်ကိုတော့ အန်တုနိုင်ဖို့ခက်ပါတယ်။ ချန်ပီယံလိဂ်ရှိပေမယ့်လည်း အဝေးကွင်းဂိုးပြတ်နိုင်ထားတဲ့ ရီးယဲလ်ဟာ လာလီဂါကိုပဲ အာရုံစိုက်မှာပါ။ ရီးယဲလ်ပဲနှစ်ဂိုးအသာလောက်နဲ့ အနိုင်ရမယ်။

**အက်သလက်-အက်စပန်ညို** နံနက် ၃း၃၀(၁၆-၃-၁၄)

ချန်ပီယံလိဂ်ကြောင့် အက်သလက်ပွဲပန်းလာနိုင်ပါတယ်။ အက်စ်ပန်ညိုက လက်ရှိကစားပုံမဆိုးပါဘူး။ ဒါကြောင့်အက်သလက်တို့ အိမ်ကွင်းဖြစ်ပေမယ့် အနည်းငယ်ရုန်းကန်ရဖို့ရှိနေတယ်။ အက်သလက် ကပ်ပြီးပဲ အနိုင်ရမယ်။

**အဲလ်ချီ-ဘက်တစ်** ညနေ ၅း၃၀(၁၆-၃-၁၄)

အဲလ်ချီဟာ ကစားပုံမငြိမ်ပါဘူး။ ဒါပေမယ့် ဘက်တစ်က အမှတ်ပေးဇယား အောက်ဆုံးကအသင်းဖြစ်ပြီး ယူရိုပါလိဂ်ကြောင့်လည်း ပွဲပန်းလာဖို့ရှိတယ်။ ဒါကြောင့် အဲလ်ချီတို့ အခွင့်အရေးရနိုင်သလို အဲလ်ချီနဲ့ပဲ ရပ်တည်ရမယ်။

**ဘာစီလိုနာ-အိုဆာစူနာ** ည ၁၀း၃၀(၁၆-၃-၁၄)

ချန်ပီယံလိဂ်ကြောင့် ဘာစီလိုနာပွဲပန်းလာနိုင်ပေမယ့် ရှေ့ပွဲစဉ်မှာ ဗယ်လာဒိုးလစ်ကို ရှုံးနိမ့်ထားရမှုကြောင့် ဒီပွဲမှာအမှတ်ရဖို့ အားစိုက်ကစားလာမှာပါ။ အိုဆာစူနာခြေကလည်း သာမန်သာရှိတဲ့အတွက် ဘာစီလိုနာနဲ့ပဲရပ်တည်ရမယ်။

**ဆီဗီးလ်-ဗယ်လာဒိုးလစ်** နံနက် ၀၀း၃၀(၁၇-၃-၁၄)

ဆီဗီးလ်က အိမ်ကွင်းကစားပုံကောင်းမွန်ပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေရှိနိုင်တယ်။ ဗယ်လာဒိုးလစ်ကလည်း ဘာစီလိုနာကိုအနိုင်ရခဲ့တဲ့အထိ ကစားပုံမဆိုးသလို တန်းမဆင်းရဖို့လည်း ခံကစားသွားမှာဖြစ်တယ်။ ဗယ်လာဒိုးလစ်သရေလောက်ရမယ်။

**ဆိုစီဒက်-ဗလန်စီယာ** နံနက် ၂း၃၀(၁၇-၃-၁၄)

ဆိုစီဒက်က အိမ်ကွင်းကစားပုံကောင်းပါတယ်။ ဗလန်စီယာက လက်ရှိခြေမဆိုးပေမယ့် အဝေးကွင်းအားပျော့တယ်။ ဥရောပဝင်ခွင့်ရဖို့ ဗလန်စီယာအားစိုက်လာမှာဖြစ်ပေမယ့်လည်း သရေလောက်ပဲ ကစားသွားနိုင်ဖို့ရှိပါတယ်။

**ဗီလာရီးယဲလ်-ဘီလ်ဘို** နံနက် ၃း၃၀ (၁၈-၃-၁၄)

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါတဲ့ဆုံတွေ့မှုပါ။ ခြေအရ ဗီလာရီးယဲလ်က နိမ့်ပေမယ့် အိမ်ကွင်းအားရှိတယ်။ ဒီပွဲနိုင်ရင် ချန်ပီယံလိဂ်ဝင်ခွင့်လည်း မျှော်လင့်နိုင်မှာဖြစ်တယ်။ ဒါကြောင့် ဗီလာရီးယဲလ်အားစိုက်ကစားမှာဖြစ်ပြီး ဗီလာရီးယဲလ်နဲ့ပဲ ရပ်တည်မယ်။

ရှိုင်းမင်းမင်း

# တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၂**

မြန်မာ့တင်းနစ် အားကစားအဆင့်အတန်းတိုးတက်အောင်မြင်လာစေရန်နှင့် ထူးချွန်ထက်မြက်သောမျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ပေါက်လာစေရန် အဓိကရည်ရွယ်လျက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P Live Stock ကုမ္ပဏီလီမိတက်က အဓိကကူညီပံ့ပိုးမည့် Myanmar C.P Cup တင်းနစ်ပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ (Mixed Doubles) ပြိုင်ပွဲ၊ အသက် (၁၂)နှစ်အောက် အမျိုးသားနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ (၁၄)နှစ်အောက်အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ၊ အသက် (၁၆) နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ၊ အသက် (၆၀)နှင့်အထက် နှစ်ယောက်တွဲ ပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် မတ် ၁၄ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၉-၂၅၀၁၈၇၀၄၀ နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၀၁-၃၈၁၉၉၁ တို့တွင် စုံစမ်းမေးမြန်းနိုင်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သက်တမ်းအလိုက်မျိုးဆက်သစ်လူငယ် တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများ၏နေထိုင်ရေးနှင့် စားသောက်ရေးအစီအစဉ်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အခြေခံနှင့် အဆင့်မြင့် တင်းနစ်သင်တန်းများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အဆင့်မြင့်နည်းပြဆရာများက လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ရာ အခြေခံတင်းနစ်သင်တန်းကို မတ် ၁၇ ရက်မှ ဧပြီ ၁၁ ရက်အထိလည်းကောင်း၊ အဆင့်မြင့်တင်းနစ်သင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၁၆ ရက်အထိလည်းကောင်း မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၌ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၃-၃-၂၀၁၄ ရက်တွင် ကျရောက်သော ဒေါက်တာဆန်းလွင်(MD-ဆန်းလွင်ထရေးဒင်းကုမ္ပဏီလီမိတက်)၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ဘာသာ၊ သာသနာအကျိုး ဆတက်တိုး သယ်ပိုးနိုင်ပါစေကြောင်း တပည့်သားသမီးများမှ မွေးနေ့ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဝန်ထမ်းမိသားစု**
**ဆန်းလွင်ထရေးဒင်းကုမ္ပဏီလီမိတက်**























## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၅)ရပ်ကွက်၊ အမှတ်(၁၀၅၆) အကျယ်ပေ (၄၀×၆၀)ပါမစ်မြေကွက်ကို အမည်ပေါက် ဦးမောင်မောင်မြင့် ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းမြတ်အေး[၁၃/တကန(နိုင်)၁၅၂၆၄၁]ထံမှ ကျွန်ုပ်ဦးသန့်စင်[၆/ထဝန(နိုင်)၀၆၂၇၀၄]မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသန့်စင်**
**ဖုန်း-၀၉-၇၃၁၂၁၆၅၆၊ ၀၉-၄၂၀၀၂၆၇၁၈**

## တစ်ချက်တည်းကျင်းဝင်

YCDC GOLF CLUB (မြကန်သာ)တွင် ဦးအေးမောင်သည် ကစားဖော်များဖြစ်ကြသော ဦးတင်မောင်လတ်၊ ဦးတင်ဦး၊ ဦးကျော်စိန်လေးတို့နှင့်အတူ ၉-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့) ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား Titleist PRO VIX (NO-7)အား သံတုတ်နံပါတ်(Honma MG 700 Iron II)ဖြင့် (၁၂၀)ကိုက်အကွာ အဝေးကျင်းနံပါတ်(၁၁)သို့ ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့ပါသည်။

# မြန်မာပြည်အထက်ပိုင်းတွင် အနာကြီးရောဂါဖြစ်ပွားမှုနှုန်း သိသာစွာလျော့ကျလာ

**မန္တလေး၊ မတ် ၁၂**

မန္တလေးနှင့် အထက်မြန်မာပြည်တွင် အနာကြီးရောဂါ ဖြစ်ပွားမှုနှုန်းမှာ လွန်ခဲ့သည့် ဆယ်နှစ်ထက်စာလျှင် ရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာ လျော့ကျသွားကြောင်း အထက်မြန်မာပြည် အရေပြားအထူးကုသရေးစင်တာမှ သိရသည်။

"မန္တလေးက ၅ မြို့နယ်ထဲမှာ လူတစ်သောင်းကို သုည ဒသမ ၂ ရာခိုင်နှုန်းမှာပဲ ရောဂါလက္ခဏာ တွေ့ရတော့တယ်။ တွက်ချက်ပုံအရဆိုရင်တော့ ဒါဟာ ရောဂါလက္ခဏာလုံးဝကို ကင်းရှင်းသွားပြီလို့ တောင်ပြောလို့ရပါတယ်" ဟုယင်းစင်တာမှ အ. န. က (အနာကြီးရောဂါ) စောင့်ရှောက်ရေးမှူးဖြစ်သူ ဦးတင်မြင့်က ပြောသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အရေပြားအထူး ကုသရေးစင်တာမှ ဖော်ပြထားသော စာရင်းများအရ ပြီးခဲ့သည့်နှစ်အတွင်း ကုသပေးခဲ့ရသည့် လူနာအရေအတွက်မှာ ၁၆၀ သာရှိပြီး ယင်းအထဲမှ ၁၃၀ မှာ လူနာအသစ်များဖြစ်ကာ ၃၀ မှာ ကုသပုံ ပြောင်းလဲခံယူသူများဖြစ်ကြောင်း သိရသည်။

ယင်းအပြင် မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော အဆိုပါအရေပြားကုသရေးစင်တာသို့ ဒေသအစုံမှလာရောက်ကုသသူများလည်း ရှိနေပြီး ယခုကဲ့သို့ လာရောက်ကုသခြင်းမှာ ရောဂါဖြစ်ပွားသူအချို့သည် ၎င်းတို့နေရပ်ဒေသများတွင် လူအသိမခံလိုခြင်းများကြောင့် ဖြစ်သည်ဟု သိရသည်။

"ဒီရောဂါဟာ ကူးစက်ရောဂါတစ်မျိုးလည်းဖြစ်တယ်၊ ကုသဖို့ကိုလည်း ရုပ်မြင်သံကြားနဲ့ စာစောင်တွေမှာ အသိပညာပေးတွေ လုပ်ပါတယ်။ တချို့က ကိုယ့်နယ်မှာ ကုသလို့ရတယ်ဆိုတာ မသိလို့လာတာတွေရှိသလို တချို့ကလည်း ကိုယ်ဖြစ်နေတာ ကိုယ့်ဒေသမှာ အသိမခံချင်တာလည်း ရှိလို့ ဒီကိုလာကုကြတာမျိုးတွေ ရှိပါတယ်" ဟု အဆိုပါဌာနမှ ကျန်းမာရေးဆရာမဖြစ်သူ ဒေါ်မိမိမော်က ပြောကြားသည်။

၂၀၀၀ ပြည့်နှစ် ဝန်းကျင်က အထက်မြန်မာနိုင်ငံတွင် အနာကြီးရောဂါသည် အများဆုံးတွေ့ရှိရပြီး အပူပိုင်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်း၊ မကွေး စသည့်တိုင်းဒေသကြီးများတွင် အဖြစ်များကြောင်း၊ အောက်မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အနာကြီးရောဂါသည် အများဆုံး တွေ့ရှိရကြောင်း သိရသည်။

လတ်တလော မြန်မာတစ်နိုင်ငံလုံးအနေဖြင့် အနာကြီးရောဂါသည် ပေါင်း တစ်နှစ်လျှင် သုံးထောင်ဝန်းကျင်သာရှိတော့ကြောင်း သိရသည်။ ၁၉၈၈ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဆေးနှင့် ထိရောက်စွာကုသနိုင်ခဲ့သည့်အတွက် ယင်းနှစ်အစောပိုင်းကစ၍ တစ်နှစ်လျှင် အနာကြီးရောဂါသည် တစ်သိန်းကျော်မှ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာခဲ့ပြီး မြန်မာနိုင်ငံအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အနာကြီးရောဂါဖြစ်ပွားမှုမှာ သိသာစွာကျဆင်းလာခဲ့ခြင်းဖြစ်သည်။

**အောင်(မန်း)**



သီပေါမြို့၊ မြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့အောက်ပိုင်းရှိ ဆည်ရေသောက်လယ်များ စိုက်ပျိုးရေရရှိနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ဒေသခံလယ်သမားများ မတ် ၈ ရက်နှင့် ၉ ရက်နေ့များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရေထွက်ဦးသို့ သွားရောက်၍ ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ - သီပေါကိုလတ်

# ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၅၅ သိန်းဖြင့် ဆောက်လုပ်

**မင်းကင်း၊ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ခုံသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၅၅ သိန်း အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ခုံသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၏ မြေအကျယ်အဝန်းမှာ အလျား ၁၂၀ ပေ၊ အနံ ၇၀ ပေရှိပြီး အဆောက်အအုံမှာ အလျား ၄၀ ပေ၊ အနံ ၂၄ ပေကျယ်ဝန်း၍ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်းအဆောက်အအုံအမျိုးအစား ဖြစ်သည်။

အဆိုပါအဆောက်အအုံဖွင့်ပွဲနှင့် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက်က ကျင်းပခဲ့ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး အဆင့်(၁)ဦးခင်မောင်ကျော်ကကျန်းမာရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးသည်။ ထို့နောက် ဆေးခန်းဖြစ်မြောက်ရေးကော်မတီဝင် ဦးအောင်မြင့်ဦးက ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ပတ်သက်သော မြေနှင့်အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးခင်မောင်ကျော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးအောင်လွင်ဦး၊ မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ ဦးဇော်ဝင်းနှင့် ရွာတာဝန်ခံ ဦးသန်းဝင်းတို့က ဖွင့်လှစ်ပေးခဲ့ရာကျေးရွာမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## သတင်းတို

### ကျုံပျော်(အင်းရဲ) လမ်းမကြီး ပြုပြင်ပြီးစီး

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်တွင် ဒေသတွင်းပြည်သူများ သွားလာမှုအများဆုံးဖြစ်သော မြို့တွင်းကျုံပျော်(အင်းရဲ)လမ်းမကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မတ်လပထမပတ်အတွင်း အပြီးသတ်တိုးချဲ့ပြင်ဆင်ပေးခဲ့ရာ ယခုအခါ လမ်းပခုံးများ မြင့်တင်ပေးခြင်း၊ကတ္တရာလမ်းတိုးချဲ့ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သဖြင့်ဒေသခံပြည်သူများသွားလာရေးလွယ်ကူအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# မြို့နယ်အဆင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ လုံခြုံမှုရှိစွာဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးတာဝန်များပေးအပ်

**ထီးချိုင့်၊ မတ် ၁၂**

မတ် ၁၂ ရက်နေ့တွင် စတင်ကျင်းပသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ လုံခြုံမှုရှိစွာ ဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးတာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်သော မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ရုံးခန်းအတွင်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေက စာမေးပွဲဖြေဆိုသည့်ရက်တွင် လုံခြုံရေးတာဝန်ယူရမည့် ဌာနဆိုင်ရာများကို ရက်အလိုက် တာဝန်များပေးအပ်ခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်က ထီးချိုင့်စာဖြေဌာနအတွက် လုံခြုံရေးနေရာ ငါးနေရာခွဲ၍ တာဝန်ချထားပေးမှုများနှင့် ယခုနှစ်တွင်စတင်သည့် မြတောင်စာဖြေဌာနအတွက် လုံခြုံရေးတာဝန်ချထားဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက စာဖြေဌာနကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့်ဆရာ/ဆရာမများအား တာဝန်ခွဲထားပေးမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

**စောကလျာ(ထီးချိုင့်)**

စက်မှုဝန်ကြီးဌာန
စက်မှုညွှန်ကြားရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)

ဝယ်လိုသည်

ဝယ်လိုသည်။

ဖွေ့ကြောင်းကြော်ငြာ

# ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း

**(ယမန်နေ့မှအဆက်)**

၄၀။ ကောင်စီ၏ ထောက်ခံချက်ဖြင့် အဖွဲ့သည် လိုင်စင်များကို သက်တမ်းတိုးပေးမည်။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်သက်တမ်းကာလအတွင်း အောက်ပါအချက် တစ်ရပ်ရပ်နှင့်ငြိစွန်းပါက ကောင်စီသည် သက်တမ်းတိုး ထောက်ခံချက် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်-

- (က) ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ကောင်စီ၏ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုင်စင်ပါ စည်းကမ်းချက်များကိုလည်းကောင်း ဖောက်ဖျက်ခြင်း၊
- (ခ) လိုင်စင်သက်တမ်းအတွင်း တစ်နည်းနည်းဖြင့် မသမာမှု တစ်ခုခုကို ကျူးလွန်ကြောင်းတွေ့ရှိရခြင်း၊
- (ဂ) အများပြည်သူအကျိုးစီးပွားနှင့် ဆန့်ကျင်သော လိုင်စင်သက်တမ်းတိုးပေးရန်မသင့်သည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ခြင်း။

၄၁။ ကောင်စီသည် -

- (က) ပုဒ်မ ၄၀ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိပါက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်သက်တမ်းတိုးနိုင်ရန် ထောက်ခံချက်ထုတ်ပေးရမည်။
- (ခ) ပုဒ်မခွဲ (က) အရ ထောက်ခံချက်ထုတ်ပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။ လိုင်စင်သက်တမ်းအတွင်း -
  - (၁) တင်ဆက်သော အစီအစဉ်များ၏ အရည်အသွေးမြင့်မားမှု၊ အမျိုးအစား စုံလင်မှုနှင့် ကွဲပြားခြားနားမှု၊
  - (၂) နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နိုင်မှု၊
  - (၃) မီဒီယာပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထား အမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားခြားနားသည့် မီဒီယာအမျိုးအစားများအပေါ်တွင် အကျိုး သက်ရောက်မှု။

၄၂။ အဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းနိုင်သည်-

- (က) လိုင်စင်ရရှိပြီး နေ့ရက်မှစတင်၍ တစ်နှစ်အတွင်း ပုံမှန်ထုတ်လွှင့်နိုင်မှုမရှိခြင်း၊
- (ခ) ကောင်စီနှင့် အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သုံးလထက်ကျော်လွန်၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းကို ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊
- (ဂ) ကောင်စီနှင့် အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊
- (ဃ) ခွဲဝေသတ်မှတ်ပေးထားသည့် ရေဒီယိုလှိုင်းနှုန်းစဉ်များနှင့် လွှမ်းခြုံထုတ်လွှင့်ရမည့် ဧရိယာများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း နည်းပညာနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ပစ္စည်းများအတွက် စက်မှုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများ၊ အခန်း(၉)ပါပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်း။

၄၃။ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၄၅ ရက်အတွင်း သက်တမ်းတိုးရမည်။ ရက်ပေါင်း ၄၅ ရက်အတွင်း သက်တမ်းတိုးခြင်းမပြုပါက လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ကို ရုပ်စဲနိုင်သည်။

၄၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းသည် သက်ဆိုင်ရာ ထုတ်လွှင့်မှုကို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ၁၂ လ တစ်ဆက်တည်း ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်းပြုလျှင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သည် အလိုအလျောက်ပျက်ပြယ်သည်။

၄၅။ ကောင်စီသည် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့်ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းတို့ကို လိုင်စင်ကြေးပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

## အခန်း(၈)
## ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ

### အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း

၄၆။ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေအရ အများပြည်သူ ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအဖြစ်သို့ ပြောင်းလဲဖော်ဆောင်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း တစ်ခုဖြစ်သည်။ ယင်းဝန်ဆောင်မှု လုပ်ငန်းသည် ပြည်သူအတွက်ဖြစ်ပြီး ပြည်သူ့ရန်ပုံငွေဖြင့်လည်ပတ်၍ ပြည်သူကကြီးကြပ် ကွပ်ကဲခြင်းပြုသည်။ ယင်းသည် နိုင်ငံရေးအရ စွက်ဖက်မှုနှင့် စီးပွားရေး အင်အားစုများ၏ ဖိအားမှ ကင်းလွတ်သည့်အဖွဲ့အစည်းဖြစ်သည်။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းမှတစ်ဆင့်နိုင်ငံသားများအား ပြန်ကြားပေးခြင်း၊ ပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းကိုဆောင်ရွက်သည်။

၄၇။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းကို အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေနှင့်အညီ မူဝါဒကြီးကြပ်သည်။

### စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ

၄၈။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ရာထူးအဆင့်အတွက် နိုင်ငံခြားသားများအား ဆောင်ရွက်ခွင့်မပြု။ သို့ရာတွင် အထူးကျွမ်းကျင်မှုလိုအပ်သော ရာထူးများအတွက် နိုင်ငံခြားသားပညာရှင်များကို ငှားရမ်းအသုံးပြုနိုင်သည်။

၄၉။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို တရားဝင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသားများက မတည်ရင်းနှီးခွင့်နှင့် ပိုင်ဆိုင်ခွင့်ရှိပြီး စုစုပေါင်း မတည်ရင်းနှီး ငွေ၏ ၃၀ ရာခိုင်နှုန်းထက် မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း ခွင့်ပြုနိုင်သည်။

၅၀။ လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသူများသည် ယင်းအဖွဲ့အစည်း၏ ပိုင်ဆိုင်မှုပုံသဏ္ဌာန်နှင့် အနေအထားကို ကောင်စီနှင့် အများပြည်သူ့ထံသို့ လူထုဆက်သွယ်ရေး မီဒီယာများမှတစ်ဆင့် တင်ပြရမည်။ လိုင်စင်ခွင့်ပြုချက်ရရှိပြီးနောက် ပိုင်ဆိုင်မှုအနေအထား ငါးရာခိုင်နှုန်း ပြောင်းလဲမှုရှိသည့်အခါတိုင်း ကောင်စီသို့ တင်ပြပြီး ခွင့်ပြုချက်ရယူရမည်။

၅၁။ စီးပွားရေးအရထုတ်လွှင့်သည့် မည်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့်ဖြစ်စေ၊ စီးပွားရေး အဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေဆောင်ရွက်မည်ဆိုပါက သတ်မှတ်ထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု ဇုန်တစ်ခုအတွင်း ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းနှင့် ရေဒီယို အသံထုတ်လွှင့်ခြင်းလုပ်ငန်း တစ်ခုစီထက် ပို၍ပိုင်ဆိုင်ခွင့်မပြု။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ်များ ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ခြင်းနှင့် မသက်ဆိုင်စေရ။

၅၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းနှင့် ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်များ ပူးတွဲပိုင်ဆိုင်ခြင်းကို ခွင့်မပြု။

၅၃။ ပုဒ်မ ၅၁ နှင့် ၅၂ တွင် ဖော်ပြထားသည့် မီဒီယာဈေးကွက် ရှာခြင်းနှင့် ပူးတွဲပိုင်ဆိုင်မှု ကန့်သတ်ထိန်းချုပ်ခြင်းများနှင့် စပ်လျဉ်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို အဖွဲ့က ထုတ်ပြန်နိုင်ရန် ကောင်စီက အကြံပြုရေးဆွဲ တင်ပြရမည်။

၅၄။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများသည် အောက်ပါလုပ်ငန်းများမှ ဝင်ငွေကို လက်ခံနိုင်သည်-

- (က) စီးပွားရေးဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ၊
- (ခ) ကူညီပံ့ပိုးမှု၊
- (ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ဆက်နွှယ်သော အခြားလုပ်ငန်းများ။

၅၅။ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးသည့်အခါတိုင်း စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများသည် နှစ်ချုပ်အစီရင်ခံစာကို ကောင်စီက သတ်မှတ်ထားသည့် ပုံစံအတိုင်း တင်သွင်းရမည်။ ကောင်စီသည် ယင်းနှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာအား လျှို့ဝှက်အဆင့် သတ်မှတ်သိမ်းဆည်းထားရမည်။ အစီရင်ခံစာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

- (က) ဈေးကွက်အခြေအနေ၊ ရှယ်ယာဝင်များ၏ အမည်စာရင်း၊ အမြတ်ဝေစုခွဲဝေမှုရာခိုင်နှုန်း၊ လုပ်ငန်းလည်ပတ်မှုရလဒ်များ စသည်တို့ အပါအဝင် လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊
- (ခ) ဒါရိုက်တာအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိများ ပေါင်းစပ် ဖွဲ့စည်းမှု၊
- (ဂ) ကုမ္ပဏီ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်၊
- (ဃ) အထောက်အထားများ၊ အစီအစဉ်ဇယားများ၊
- (င) ကောင်စီမှ လိုအပ်သည့် အခြားသတင်းအချက်အလက်များ။

### စီးပွားဖြစ်မဟုတ်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ

၅၆။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများသည် အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်ရမည် -

- (က) ယင်းလုပ်ငန်းသည် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးအမြတ်အတွက် ဆောင်ရွက်သည့် လုပ်ငန်းမဟုတ်သည့်အပြင် နိုင်ငံရေးနှင့် စီးပွားရေး အကျိုးအမြတ်တစ်ခုခုအတွက် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း တစ်ခု၏ အစိတ်အပိုင်းလည်း မဖြစ်စေရ၊
- (ခ) အဓိကဦးတည်ချက်သည် သတ်မှတ်အဝန်းအဝိုင်းနှင့် လူ့အဖွဲ့အစည်း အတွက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်၊
- (ဂ) ယင်းအဖွဲ့အစည်းသည် သတ်မှတ်အဝန်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းနှင့် ဆက်စပ်မှုရှိကြောင်း ကောင်စီက ကျေနပ်လက်ခံနိုင်စေမည့် လုံလောက်သည့် အထောက်အထားကို ပြသရမည်။

၅၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများအတွက် သတ်မှတ်ခွဲဝေပေးထားသည့် လှိုင်းနှုန်း၏အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများအတွက် လျာထားရမည်။

၅၈။ ကောင်စီသည် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် အားပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးနိုင်ရန် ရိုးရှင်းလွယ်ကူသည့် လိုင်စင်ဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်ရမည်။

၅၉။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများသည် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည် -

- (က) သက်ဆိုင်ရာ ဒေသခံများ၏ စေတနာအလျောက် ထည့်ဝင်လှူဒါန်းမှုများ၊
- (ခ) ပြည်တွင်း၊ ပြည်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကြိုတင်ပြဋ္ဌာန်းချက်များ မပါဝင်သော နှောင်ကြိုးမဲ့ လှူဒါန်းမှုများ၊
- (ဂ) ဒေသဆိုင်ရာကြော်ငြာများမှ ရရှိသော ဝင်ငွေများ၊
- (ဃ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှ ရရှိသော အမြတ်အစွန်းများ၊
- (င) ယင်းတို့၏လုပ်ငန်းနှင့် သက်ဆိုင်၍ ဥပဒေနှင့်အညီ ရရှိသော ဝင်ငွေများ။

၆၀။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများသည် ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးတိုင်း စာရင်းအမှန်အဖြစ် တတ်နိုင်သမျှ တိုက်ဆိုင်စစ်ဆေးထားပြီးဖြစ်သည့် နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာများကို ကောင်စီသို့ တင်သွင်းကြရမည်။

၆၁။ သက်ဆိုင်ရာ လူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင် နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို ဆွေးနွေးညှိနှိုင်းရန်၊ အခက်အခဲများ၊ ပြဿနာများနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနည်းများကို စုပေါင်းညှိနှိုင်း သုံးသပ်ရန်နှင့် ဘဏ္ဍာရေးအခြေအနေ အပါအဝင်လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှု အစီရင်ခံစာများကို တင်ပြနိုင်ရန် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းတွင် ပါဝင်သူများနှင့် အနည်းဆုံး တစ်နှစ်တစ်ကြိမ် စုံညီအစည်းအဝေးပွဲများကို ပုံမှန်ကျင်းပပေးရမည်။

### ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ

၆၂။ ဌာနပိုင်ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည် -

- (က) နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေ၊
- (ခ) ကြော်ငြာခရငွေ၊
- (ဂ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှ ရရှိသောဝင်ငွေ။

၆၃။ ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများအားလုံးသည် နှစ်ချုပ်အစီရင်ခံစာကို ကောင်စီသို့ တင်သွင်းရမည်ဖြစ်သည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၅ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်။

### ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းများ

၆၄။ မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများမှ ထုတ်လုပ်ပြီး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှု လုပ်ငန်းများမှ ဖြန့်ဖြူးသည့် အစီအစဉ်များအတွက် ကောင်စီမှ သတ်မှတ်သည့် အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများက တာဝန်ယူရမည်။ မြန်မာနိုင်ငံတွင် လိုင်စင်ပြုလုပ်ထားခြင်းမရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်များအတွက် သတ်မှတ်ထားသည့် အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

၆၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းများသည် ရုပ်သံလိုင်းထုတ်လွှင့်ရာတွင် အောက်ပါအတိုင်း လိုက်နာရမည်-

- (က) ထုတ်လွှင့်သည့် ရုပ်သံလိုင်း စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှ ထုတ်လုပ်သည့် ရုပ်သံလိုင်းများ ဖြစ်ရမည်။
- (ခ) ထုတ်လွှင့်သည့် အခပေး ရုပ်သံလိုင်း စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် အခမဲ့ ရုပ်သံလိုင်းများ ဖြစ်ရမည်။

၆၆။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည်-

- (က) ကြည့်ရှုခပေးသွင်းငွေ၊
- (ခ) ရုပ်သံလိုင်း ငှားရမ်းခ၊
- (ဂ) ကြော်ငြာခရငွေ၊
- (ဃ) အမှတ်တရထုတ်ကုန်ပစ္စည်းများ ရောင်းချမှုမှရရှိသော အမြတ်အစွန်းများ၊
- (င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ဆက်စပ်သော တရားဝင် စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ။

၆၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် နှစ်ချုပ် အစီရင်ခံစာကို ကောင်စီသို့ တင်သွင်းရမည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၅ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်။

## အခန်း(၉)
## အစီအစဉ်ဆိုင်ရာ သတ်မှတ်ချက်များ

၆၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစေရေးအတွက် သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည် -

- (က) မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာတစ်ခုခုကို အသုံးပြု၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ထုတ်လွှင့်သည့် ရေဒီယိုအသံ ထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် ထုတ်လွှင့်သော အစီအစဉ်များ၏ ၇၀ ရာခိုင်နှုန်းသည် ပြည်တွင်းတွင် ထုတ်လုပ်သည့်အစီအစဉ်များဖြစ်ရမည်၊
- (ခ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီးပွားရေးအရ ထုတ်လွှင့်သည့် မူရင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့်လိုင်းများမှ တစ်နေ့တာ ထုတ်လွှင့်သော အစီအစဉ်များ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှ ထုတ်လုပ်သော အစီအစဉ်များဖြစ်ရမည်၊
- (ဂ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများသည် ထုတ်လွှင့်မှု အစီအစဉ်၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူများ၏ အစီအစဉ်များကို အသုံးပြုရမည်။ ယင်းသို့ ထုတ်လုပ်သည့် အစီအစဉ်များ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ကြည့်ရှုသူပရိသတ် အများဆုံးအချိန်တွင် ထုတ်လွှင့်ရမည်။

၆၉။ ကောင်စီသည် ပုဒ်မ ၆၈ ပါ သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိပြီး၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ခုလုံးအတွက် ဖြစ်စေ၊ သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းတွင်ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် မူဝါဒအသစ်များနှင့် လုပ်ထုံး လုပ်နည်းအသစ်များကို ချမှတ်ပေးနိုင်သည်။

၇၀။ (က) ကလေးသူငယ်နှင့်လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ရည်ရွယ်ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံလွှင့် အစီအစဉ်များသည် ယင်းတို့၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးသည့် အစီအစဉ်များ ဖြစ်ရမည်။ ကလေးသူငယ်နှင့် လူငယ်ဆိုင်ရာ အစီအစဉ်များကို သတ်မှတ်အချိန်တွင် ထုတ်လွှင့်ရမည်။ ယင်းသို့သော အထူးအစီအစဉ်များ ထုတ်လွှင့်ရာတွင် မည်သည့်ပရိသတ် အမျိုးအစားအတွက် ဖြစ်သည်ဆိုသည်ကို ဖော်ပြရမည်။

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှ**

(ခ) အချို့သောအစီအစဉ်များတွင် အကြားအာရုံချို့ယွင်းသူများအတွက် စံလက်သင်္ကေတကို အသုံးပြုနိုင်သည်။

၇၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ရုပ်ပုံ၊ အသံ၊ ဓာတ်ပုံနှင့် မှတ်တမ်းမှတ်ရာများကို ထုတ်လွှင့်ပြီးနောက် အနည်းဆုံး ၂၈ ရက် ထိန်းသိမ်းထားရမည်။

၇၂။ သမိုင်းတန်ဖိုးကြီးမားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များ၏ မှတ်တမ်းတစ်စုံကို အမျိုးသားမော်ကွန်းတိုက်နှင့် အမျိုးသားပြတိုက်သို့ပေးပို့ရမည်။ ယင်းအစီအစဉ်များ၏ မူပိုင်ခွင့်ကို မူပိုင်ခွင့်ပိုင်ရှင်ကသာ ပိုင်ဆိုင်သည်။

၇၃။ (က) စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကြော်ငြာများကို နေ့စဉ် ထုတ်လွှင့်ချိန်အတွင်း တစ်နာရီလျှင် အများဆုံး ၁၂ မိနစ်နှုန်းဖြင့် ထုတ်လွှင့်နိုင်သည်။

(ခ) စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများသည် အများပြည်သူ အကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများအတွက် အခကြေးငွေ မယူဘဲ လူမှုရေးရာ တာဝန်ကို ပူးပေါင်းဆောင်ရွက်သည့် အနေဖြင့် ယင်းတို့၏ ထုတ်လွှင့်ချိန်မှ ငါးရာခိုင်နှုန်းကို ခွဲဝေထုတ်လွှင့်ပေးရန် တာဝန်ရှိသည်။ ထုတ်လွှင့်ပေးရမည့် အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများကို ကောင်စီက သတ်မှတ်နိုင်သည်။

၇၄။ ကြော်ငြာထည့်သွင်းရန်မှအပ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ၏ ထုတ်လွှင့်ချိန်ကို ရောင်းချခြင်းမပြုရ။

၇၅။ ပြည်တွင်းအရင်းအမြစ်များကို အသုံးပြု၍ ကြော်ငြာများ ရိုက်ကူးထုတ်လုပ်ခြင်းကို အားပေးရမည်။

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ**

၇၆။ (က) ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို အောက်ပါအချက်များအပေါ် အခြေခံ၍ ရေးဆွဲရမည် -

(၁) ကိုယ်ကျင့်တရားနှင့် စာရိတ္တပိုင်းဆိုင်ရာတန်ဖိုးများ၊

(၂) မီဒီယာလုပ်ငန်းများက ကျယ်ပြန့်စွာ လက်ခံထားသည့် စံနှုန်းသတ်မှတ်ချက်များ။

(ခ) ယင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ရေးဆွဲမှုလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူပါဝင်နိုင်မှု ရှိရမည်။

၇၇။ ကောင်စီက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်း ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို ထုတ်ပြန်ပြီးသည့်အခါ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူတို့ သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးရမည်။

၇၈။ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များသည် အောက်ပါအချက်များ အပါအဝင် အစီအစဉ် အကြောင်းအရာများနှင့် ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများကို သတ်မှတ်ဖော်ဆောင်ရမည် -

(က) သတင်းနှင့် လတ်တလောဖြစ်ရပ် အစီအစဉ်များတွင် ညီညွတ်မျှတမှု၊ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုရှိစေရန် ကြိုးစားဆောင်ရွက်မှု၊

(ခ) ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊

(ဂ) ကြည့်ရှုသူ၏ အသက်အပိုင်းအခြားကိုလိုက်၍ ရုပ်ရှင်နှင့်အစီအစဉ်များကို အမျိုးအစားခွဲခြားသတ်မှတ်ဖော်ပြမှု၊

(ဃ) တွေ့ဆုံမေးမြန်းခန်းများတွင် သုံးနှုန်းသည့် ဝေါဟာရ၊ အပြုအမူနှင့် တည်းဖြတ်မှု၊

(င) သတင်းလျှို့ဝှက်ရယူမှုနှင့် လိမ်လည်လှည့်ဖြား၍ ရုပ်မြင်သံကြားနှင့် အသံမှတ်တမ်းရယူမှု၊

(စ) လိင်မှုဆိုင်ရာပြကွက်များ၊ အကြမ်းဖက်မှုနှင့် လူ့ကျင့်ဝတ်ဖောက်ဖျက်မှုဆိုင်ရာဖော်ပြမှုများ၊ ကြမ်းတမ်းသောစကားလုံးများ သုံးနှုန်းမှု၊ ပရိသတ်များမှ ပေးပို့လာသော သတင်းစာသားများအားထည့်သွင်းထုတ်လွှင့်မှုတို့နှင့် စပ်လျဉ်း၍ အများလက်ခံထားသည့် တင်ဆက်မှုပုံစံ၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများနှင့်အညီ ဖော်ပြမှု၊

(ဆ) ပြစ်မှုများနှင့် လူ့ကျင့်ဝတ်ဖောက်ဖျက်မှုများအား သတင်းရယူမှု၊

(ဇ) ဖြစ်ရပ်မှန် အချက်အလက်များနှင့် ထင်မြင်ယူဆချက်များအား ခွဲခြားဖော်ပြမှု၊

(ဈ) ဘာသာရေးဆိုင်ရာများ၊ လူနည်းစု လူမျိုးစုများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ အရွယ်မရောက်သေးသူ လူငယ်များနှင့် အားနည်းသည့် အုပ်စုများအပေါ် ဆက်ဆံမှု၊

(ည) ပုဂ္ဂလိက လွတ်လပ်ခွင့်ကို လေးစားမှု၊

(ဋ) လျှပ်တစ်ပြက်ရိုက်ကူးမှုပုံရိပ်နှင့် အသံများ၊

(ဌ) ကြော်ငြာထုတ်လွှင့်ရာတွင် ပါဝင်ရမည့် အမှန်တရား။

၇၉။ (က) ယင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များအား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကအပြည့်အဝ လိုက်နာ အကောင်အထည်ဖော်မှုရှိမရှိကို ကောင်စီက စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသည်။

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ၊ ယင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများက လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တိုင်ကြားချက်များကို လက်ခံ၍ အရေးယူဆောင်ရွက်ပေးရန် ကောင်စီတွင်တာဝန်ရှိသည်။ အဆိုပါ တိုင်ကြားမှုများကို ကောင်စီအနေဖြင့် မှန်မှန်ကန်ကန် မျှမျှတတ ဆုံးဖြတ်ပေးရမည်။

၈၀။ ပုဒ်မ ၇၉ (ခ) ကို ပံ့ပိုးပေးနိုင်ရန်အတွက် ကောင်စီသည် တိုင်ကြား လွှာများကို စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်းခြင်းလုပ်ငန်းစဉ်များကို ရေးဆွဲထားရမည်။ အဆိုပါ လုပ်ငန်းစဉ်တွင် တိုင်ကြားခြင်းခံရသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက ပြန်လည်ဖြေရှင်းခွင့်နှင့် မေးမြန်းပိုင်ခွင့်များကို တိတိကျကျ ပေးအပ်ထားရမည်။

၈၁။ သင့်လျော်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများ ပြုလုပ်ပြီး နောက် ကောင်စီသည် တိုင်ကြားလွှာအပေါ်တွင် သုံးသပ်ဆုံးဖြတ်မည်ဖြစ်ပြီး ယင်း ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာတိုင်ကြားသူနှင့် တိုင်ကြားခံရသူသို့ ပေးပို့ရမည်။

၈၂။ ပုဒ်မ ၇၉(ခ)အရ တိုင်ကြားချက်သည် မှန်ကန်ကြောင်းတွေ့ရှိလျှင် ကောင်စီသည် အောက်ပါ အရေးယူဆောင်ရွက်ချက်များအနက် တစ်ခု သို့မဟုတ် အများကို ဆောင်ရွက်နိုင်သည် -

(က) သတိပေးစာ ထုတ်ပြန်ခြင်း၊

(ခ) မှားယွင်းမှုကို ပြန်လည်ပြင်ဆင်ထုတ်ပြန်စေခြင်း၊

(ဂ) တုံ့ပြန်ဖြေရှင်းခွင့် ထည့်သွင်းစေခြင်း၊

(ဃ) ကောင်စီ၏ ဆုံးဖြတ်ချက်ကို အများပြည်သူသို့ အသိပေးကြေညာစေခြင်း၊

၈၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် စပ်လျဉ်းသည့် ကောင်စီ၏ ဆုံးဖြတ်ချက်များကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများ အားလုံးက လိုက်နာကြရမည်။

၈၄။ တိုင်ကြားသူတစ်ဦးသည် ကောင်စီသို့ တိုင်ကြားနိုင်သည့်အပြင် တရားရုံး သို့ တိုင်ကြားမှုကဲ့သို့ဥပဒေကြောင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

**မှားယွင်းထုတ်လွှင့်မှုအတွက် ပြင်ဆင်ချက် ထည့်သွင်းခြင်း**

၈၅။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းတစ်ခုသည် မှားယွင်း ထုတ်လွှင့်မှုကို သိလျှင်သိချင်း သို့မဟုတ် မှားယွင်းမှုများအား ထောက်ပြလာ၍ နစ်နာမှု တစ်စုံတစ်ရာရှိကြောင်း အမှန်တကယ် သိရှိပါက အဆိုပါ အမှားများအပေါ် ပြင်ဆင်ချက်ကို ထည့်သွင်းထုတ်လွှင့်ပေးရန် တာဝန်ရှိသည်။

(ခ) မှားယွင်းသည့် ထုတ်လွှင့်ချက်ကို မှားယွင်းကြောင်း သိရှိပြီးနောက် ၂၄ နာရီအတွင်း သို့မဟုတ် အစောဆုံး ပြင်ဆင်ပေးနိုင်သည့် အချိန်တွင် အမှားပြင်ဆင်ချက်ကို ထည့်သွင်းရမည်။ ထိုသို့ပြင်ဆင်ထုတ်လွှင့်ရာတွင် မူလထုတ်လွှင့်ခဲ့သည့် အစီအစဉ်နှင့် အနီးဆုံးအချိန်တွင် ထည့်သွင်းထုတ်လွှင့်ရမည်။

(ဂ) အမှားကိုရှင်းလင်း၍ အမှန်ဖြစ်အောင်ပြင်ဆင်ခြင်းဖြင့် အဆိုပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို နစ်နာသူများက ယင်း၏ နစ်နာမှုအတွက် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်သည့် ဥပဒေကြောင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်ဟု မမှတ်ယူရ။

၈၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများသည် ယင်းတို့၏ လုပ်ငန်းများ၊ အစီအစဉ်များနှင့် စပ်လျဉ်းပြီး အများပြည်သူ၏ တိုင်ကြားချက် များကို ကိုင်တွယ်စုံစမ်းစစ်ဆေးနိုင်မည့် သီးခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်ထားရမည်။ အဆိုပါ ပုဂ္ဂိုလ်သည် တိုင်ကြားချက်များ မှန်ကန်ခိုင်လုံကြောင်း တွေ့ရှိပါက သင့်လျော်သည့် အရေးယူမှုများ ဆောင်ရွက်ရန် သက်ဆိုင်ရာ လုပ်ငန်းအာဏာပိုင်များထံ ထောက်ခံတင်ပြရမည်။

**တုံ့ပြန်ဖြေရှင်းခွင့်**

၈၇။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ထုတ်လွှင့်ချက်တွင် အချက်အလက်မှားယွင်းမှုကြောင့် ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်၏ ဥပဒေအရ ရပိုင်ခွင့်များအား ချိုးဖောက်ခံရကြောင်း တွေ့ရှိခဲ့ပါက ကာယကံရှင်၏ တုံ့ပြန်ဖြေရှင်းချက်ကို အများပြည်သူသို့ ထုတ်ပြန်ပေးရန် တာဝန်ရှိသည်။

(ခ) ထိုသို့ တုံ့ပြန်ဖြေရှင်းချက် ထည့်သွင်းဖော်ပြမှုသည် အချက်အလက်ပိုင်းဆိုင်ရာ မှားယွင်းမှုများနှင့်သာ သက်ဆိုင်ပြီး အယူအဆအမြင်သဘောထားများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ထို့အပြင် ယင်းတုံ့ပြန် ဖြေရှင်းချက်သည် ကန့်ကွက်သည့် အကြောင်းအရာနှင့်သာ သက်ဆိုင်စေရမည်။

(ဂ) တုံ့ပြန်ဖြေရှင်းချက်ကို (၂၄)နာရီအတွင်း သို့မဟုတ် အစောဆုံး ဖြစ်နိုင်သည့် အချိန်တွင် ထုတ်လွှင့်ပေးရမည်။ ထိုသို့ ဖော်ပြရာတွင် မူလထုတ်လွှင့်ခဲ့သည့် အစီအစဉ်နှင့် အနီးဆုံးအချိန်တွင် ထည့်သွင်းထုတ်လွှင့်ရမည်။

၈၈။ တုံ့ပြန်ဖြေရှင်းချက်ကို ထုတ်လွှင့်ပေးရန် ငြင်းပယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကောင်စီသို့ တိုင်ကြားနိုင်သည်။

**အခန်း (၁၀)**

**စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ**

၈၉။ ကောင်စီက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ဆိုင်ရာ သဘောတူညီချက်များနှင့် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကြောင်း တွေ့ရှိရသည့် မည်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကိုမဆို ကောင်စီက စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်များချမှတ်နိုင်သည်။

၉၀။ ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှု အတိုင်းအတာနှင့် အကြိမ်အရေအတွက်ပေါ်မူတည်၍ အဖွဲ့နှင့်ကောင်စီသည် -

(က) အဖွဲ့သည် ကောင်စီ၏ ထောက်ခံတင်ပြချက်ဖြင့် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်နိုင်သည် -

( ၁ ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းအား အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ ဆိုင်းငံ့ခြင်း၊

( ၂ ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားမှုအား ငြင်းပယ်ခြင်း၊

( ၃ ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်း လိုင်စင်အား ရုပ်သိမ်းခြင်း။

(ခ) ကောင်စီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်နိုင်သည်-

( ၁ ) သတိပေးစာ ထုတ်ပြန်ခြင်း၊

( ၂ ) ဥပဒေကို ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာအစီအစဉ်အား ကာလတစ်ခုအထိ ယာယီဆိုင်းငံ့ထားခြင်း၊၏

( ၃ ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် ထုတ်လွှင့်ချိန်အား ကန့်သတ်ခြင်း၊

( ၄ ) စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေး သတ်မှတ်၍ ပေးဆောင်စေခြင်း။

၉၁။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်ကိုရရှိရန် မရိုးဖြောင့်သော သဘောဖြင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်း သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ခဲ့ကြောင်းသော်လည်းကောင်း တစ်နည်း နည်းဖြင့် စိစစ်တွေ့ရှိရပါက ကောင်စီ၏ ထောက်ခံချက်ဖြင့် အဖွဲ့သည် ယင်း လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့် အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

( ခ ) အဖွဲ့သည် ကောင်စီ၏ ထောက်ခံချက်ဖြင့် လိုင်စင်ကို ရုပ်သိမ်းရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

( ၁ ) ပုဒ်မ ၃၄ တွင် ဖော်ပြထားသည့်အတိုင်း စမ်းသပ်ကာလ ပြည့် မြောက်ပြီးနောက် ပုံမှန်ထုတ်လွှင့်မှုကို မစတင်နိုင်ခြင်း၊

( ၂ ) ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရယူဘဲရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းကို သုံးလကြာ ရပ်ဆိုင်းထားခြင်း၊

( ၃ ) ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရယူဘဲ လိုင်စင်ကို အခြားသူ တစ်ဦးထံသို့ လွှဲပြောင်းခြင်း၊

( ၄ ) လှိုင်းနှုန်းစဉ် ခွဲခြားသတ်မှတ်မှုနှင့် လွှမ်းခြုံဧရိယာ သတ်မှတ်ချက်၊ စက်မှုဆိုင်ရာ အခြေခံလိုအပ်ချက်နှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဆိုင်ရာ ပစ္စည်းကိရိယာများ လိုအပ်မှု အပါအဝင် စံချိန်စံညွှန်းများ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ကောင်စီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ခြင်း။

၉၂။ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေများကို ဝန်ကြီးဌာန၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်။

**အခန်း (၁၁)**

**တားမြစ်ချက်များ**

၉၃။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းလိုင်စင် ရယူခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်း မပြုရ။

၉၄။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ထပ်မံသက်တမ်းတိုးခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်း တစ်ရပ်ရပ်ကို ဆက်လက်လုပ်ကိုင်ခြင်း မပြုရ။

၉၅။ ဤဥပဒေ ပုဒ်မ ၅၁ နှင့် ၅၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် မရိုးဖြောင့်သော သဘောဖြင့် လိုင်စင်လျှောက်ထားခြင်း မရှိစေရ။

၉၆။ မည်သူမျှ လုပ်ငန်းလိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုလုပ်ထားစဉ် ကာလအတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်း မပြုရ။

**အခန်း(၁၂)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၉၇။ မည်သူမဆို ပုဒ်မ ၉၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ကျပ်သိန်းငါးရာအထိ ငွေဒဏ်ချမှတ်ရမည်ဖြစ်ပြီး ပြစ်မှုနှင့်တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်။

၉၈။ မည်သူမဆို ပုဒ်မ ၉၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

၉၉။ မည်သူမဆို ပုဒ်မ ၉၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်ဖြစ်ပြီး ပြစ်မှုနှင့် တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်။

၁၀၀။ မည်သူမဆို ပုဒ်မ ၉၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

**အခန်း(၁၃)**

**ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ**

၁၀၁။ ဤဥပဒေ အာဏာသက်ရောက်ခြင်းမရှိမီက ဆောင်ရွက်လျက်ရှိသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများသည် ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ နှစ်နှစ်အတွင်း ဥပဒေနှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားရယူရမည်။

၁၀၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသည့် သဘောတူညီချက် များကို အများပြည်သူအကျိုးစီးပွားနှင့်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း အညီဖြစ်စေရန် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ယင်း သတ်မှတ်ကာလအတွင်း အပြီးပြန်လည်ပြင်ဆင် ဆောင်ရွက်ရမည်။

၁၀၃။ ဤဥပဒေအာဏာသက်ရောက်ခြင်းမရှိမီက ထုတ်ပြန်ခဲ့သော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ အမိန့်ကြေညာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် သဘောတူစာချုပ်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၄။ ဤဥပဒေအတည်ပြု ပြဋ္ဌာန်းသည့် နေ့ရက်မှ ၁၂ လ အတွင်း ကောင်စီကို ဖွဲ့စည်းရမည်။

**အခန်း(၁၄)**

**အထွေထွေ**

၁၀၅။ ကောင်စီသည် ဥပဒေအရ ရပ်တည်ပိုင်ခွင့်ရှိသည်။ တရားစွဲဆို ပိုင်ခွင့် နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။

၁၀၆။ ကောင်စီသည် တိုင်ကြားမှုများကို လက်ခံခြင်း၊ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်စေခြင်းနှင့် အယူခံဝင်ခြင်းဆိုင်ရာ သီးခြားလုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို ရေးဆွဲထုတ်ပြန်မည်။

၁၀၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုထုတ်ပြန်နိုင်သည်။

(ခ) အဖွဲ့နှင့် ကောင်စီတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**




**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါက်တာဒေါ်ခင်ကြွယ်

M.B.,B.S (Rgn)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၃၈(က)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီ၊ ရန်ကင်းမြို့နယ်နေ ဦးမောင်မောင်ဂျမ်း-ဒေါ်ဒေါ်ဘီတို့၏သမီး၊ [ဒေါက်တာဦးတင့်နိုင်(ဆရာဝန်ကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာသက်နိုင်ဦး-ဒေါ်ဆုသီဇိုင်၊ Dr.ခင်ဥမ္မာနိုင်-ဦးအောင်မျိုးလတ်၊ Dr. ညီညီနိုင်-Wan Arfah Nadtiah၊ ဦးနိုင်သူရ-ဒေါ်ချိုချိုစိန် တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါက်တာ ဒေါ်ခင်ကြွယ်သည် ၉-၃-၂၀၁၄ရက် ည ၉း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၀-၃-၂၀၁၄ရက် ဇဟိုရ်အပြီးတွင် ရေဝေးကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊မစိုးရိမ်ကျောင်းတိုက်ကြီး၏**

**ဦးစီးပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တဇာဂရမဟာထေရ်

## သိက္ခာတော်(၈၆)ဝါ၊ သက်တော်(၁၀၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရမဟာထေရ်သည် [၁၃၇၅ခုနှစ်၊တ ပေါင်းလဆန်း(၈)ရက်]၊၈-၃-၂၀၁၄(စနေနေ့)တွင်ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို [၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက်] ၁၆-၃-၂၀၁၄(တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂း၃၀ နာရီတွင် မစိုးရိမ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

**တပည့်သံဃာတော်များ**
**ဒါယကာ၊ဒါယိကာမများနှင့်**
**စျာပနကျင်းပရေးကော်မတီ**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## နိုင်ငံကျော်ဓမ္မကထိကရွှေမြိုင်ဆရာတော်ဦးသြဘာသာဘိဝံသ

## သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၆)နှစ်

**သ. စ. အဓမ္မာစရိယဒီဃနိကာယပါဠိပါရဂူ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သလ္လန်ဘုရား၊ အနောက်ဘက်မုခ်အနီး ရွှေမြိုင်ထေရာဝါသ ဝါးခယ်မကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက နိုင်ငံကျော် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ (သ. စ. အဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ) သိက္ခာတော် (၅၅) ဝါ၊ သက်တော် (၇၆)နှစ်သည် (၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း၇ရက်) ည၉း၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၅ရက်) ၁၅-၃-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်၌ အန္တိမစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)

**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

## နမြောတသ-ကြေကွဲရခြင်း

**ကိုကျော်သိန်း**

**အသက်(၅၈)နှစ်**

**(မော်လမြိုင်)**

**B.Com (ရွှေဘိုဆောင်) (၅-၃-၂၀၁၄)**

*စိတ်ထားကြွယ်ဝ၊ နားလည်ခင်မင်ပေးတတ်လွန်းသူ
ကြွေရက်ရယ်၊ စောလွန်းတဲ့သူငယ်ချင်းကောင်းတစ်ယောက်
သံသရာလမ်းမှ၊ ရုတ်ခြည်းထွက်ခွာ၊ ပတ်သက်သူအားလုံးကို
မျက်ကွယ်ပြု၍ နှုတ်ဆိတ်ငြိမ်းချမ်း(ချေမ်း)သွားခဲ့သူ
စိတ်ခန္ဓာရှိသူတိုင်း၊ တစ်နေ့ ဒီလမ်းလျှောက်ရမှာ မလွဲကေန်ပေမယ့်
မင်းတစ်ယောက်ကတော့ အပြစ်မဲ့ ခိုလှုံချိန်စောလွန်းလှပါတယ် သူငယ်ချင်း
*မလွန်ဆန်နိုင်တဲ့လမ်း ထွက်ခွာသွားလေသူ မင်းကတော့ ငြိမ်းချမ်းလို့
တို့တစ်တွေ ကျန်ရစ်သူမှာတော့ တမြေ့မြေ့ခံစားလို့။
*သက်ရှိစဉ်နဲ့ သက်မဲ့စဉ်မှာ ပြုပြီးပြုဆဲကောင်းမှုတွေကို မြင့်မြတ်တဲ့ဘုံဘဝမှာ
သိထိမြင်ပြီး လေးနက်တဲ့ သာစုအနုမောဒနာကို ခေါ်ဆို၍ နိဗ္ဗာန်ရွှေပြည်ကို
အရောက်လှမ်းနိုင်ပါစေ ချစ်သူငယ်ချင်း ကိုကျော်သိန်း---

**၁၉၇၄-၇၈ စီးပွားရေးတက္ကသိုလ်**
**ရွှေဘိုဆောင်မှသူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါက်တာဦးမျိုးတင့်**

**ဓာတ်ရောင်ခြည် အထူးကုဆရာဝန်ကြီး (ငြိမ်း)**

**ရန်ကုန်ဆေးရုံကြီး**

**အသက်(၈၅)နှစ်**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းဌာန၊ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏ဖခင် ဒေါက်တာဦးမျိုးတင့် (ဓာတ်ရောင်ခြည် အထူးကုဆရာဝန်ကြီး-ငြိမ်း)သည် ၁၀-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းထွန်း၊ ဒေါ်မြင့်မြင့်စန်း**
**အင်ဂျင်နီယာချုပ်(အငေးဆက်)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးမျိုးတင့်

**အသက်(၈၅)နှစ်**

ဒေါ်ချယ်ရီမျိုးတင့်(အင်ဂျင်နီယာချုပ်၊ အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ဖခင်ကြီး ဒေါက်တာ ဦးမျိုးတင့် (အထူးကုဆရာဝန်ကြီး-ငြိမ်း၊ ဓာတ်ရောင်ခြည်ဌာန)သည် ၁၀-၃-၂၀၁၄ ရက် နံနက် ၃း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရာထမ်း၊ ဝန်ထမ်း၊ အမှုထမ်းဝန်ထမ်းများ၊**
**အော်တိုတယ်လီဖုန်း**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးမျိုးတင့်

**အသက်(၈၅)နှစ်**

ဒေါ်ချယ်ရီမျိုးတင့် (အင်ဂျင်နီယာချုပ်၊ အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ဖခင်ကြီး ဒေါက်တာ ဦးမျိုးတင့် (အထူးကုဆရာဝန်ကြီး-ငြိမ်း၊ ဓာတ်ရောင်ခြည်ဌာန)သည် ၁၀-၃-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ကျောင်း၊ ဓမ္မာရုံဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ**

**အသက်(၆၅)နှစ်**

ချင်းတွင်းအသင်း(ရန်ကုန်)၏ ဒု-ဥက္ကဋ္ဌ ဦးအောင်ဝင်း၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်(ခ) ဒေါ်မိမိဆွေသည် ၈-၃-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

ဒေါ်သန်းသန်း [ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်](၈၆) နှစ် ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ကြေကွဲရပါသည်။

**ရောဂါဗေဒဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ရင်ရင်ငွေး (အလယ်တန်းပြဆရာမ-ငြိမ်း)**

**အမက(၃)ဗဟန်း၊ မူလွန်**

ကျောင်းတော်ကြီးနှင့်တပည့်များအပေါ် စေတနာထားလျက် တာဝန်ကျေပွန်စွာ သင်ကြားပြသပေးခဲ့ပါသော ဆရာမ ဒေါ်ရင်ရင်ငွေး(၅၄)နှစ်သည် ၉-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမက(၃) ဗဟန်း (မူလွန်)**
**ကျောင်းအုပ်ဆရာမကြီး**
**ဆရာမများနှင့်တပည့်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

ကိုမင်းရဲမင်း(မော်လမြိုင်) အသက်(၄၆)နှစ် B.Com (1985-92) မေခဆောင်ကျောင်းသားဟောင်းသည် ၈-၃-၂၀၁၄ရက်(စနေနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မေခဆောင်ဖောင်ဒေးရှင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒုတိယဗိုလ်မှူးကြီး သိုက်ထွန်း(ငြိမ်း)**

B.E (Civil) (65intake)

**အသက်(၆၆)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး သိုက်ထွန်း(ငြိမ်း)သည် ၈-၃-၂၀၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်၊ (၁၉၆၄ နှင့် ၁၉၆၅)**
**ပထမနှစ် ကျောင်းသား/သူဟောင်း**
**သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်သန်းစိန် (မုဒုံ/မော်လမြိုင်)**

**အသက်(၈၃)နှစ်**

ဒေါက်တာ ဦးသိန်းအောင် (ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)၏ဇနီး ဒေါ်သန်းစိန်သည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ် (၁၉၇၄-၇၈)**
**ဓာတုဗေဒ (အဓိက)ကျောင်းသူ၊ ကျောင်းသားများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးကျော်ဝင်း(ငြိမ်း) ကြည်း/၁၀၇၆၀**

**အသက်(၈၆)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား၊ ကုန်သေတ္တာဌာနမှ ဒေါ်ဇင်သီတာကျော်ဝင်း(ယုဒါ) (အငယ်တန်းစာရေး)၏ ဖခင် ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)၊ အသက်(၈၆)နှစ်သည် ၈-၃-၂၀၁၄ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်ဖြူ**

**အသက်(၄၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) အလုပ်အမှုဆောင်အဖွဲ့၊ အဖွဲ့ဝင်တစ်ဦးဖြစ်သော အသင်းသားအမှတ်၊ A2686 ဦးမောင်မောင်ဖြူသည် ၉-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့်**
**စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးလှမြင့် (၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၂)နေ (ဦးစိန်သော်-ဒေါ်စောအိမ်)တို့၏သား၊ (ဦးဘသော်- ဒေါ်စောကင်း)တို့၏ သားသမက်၊ (ဒေါ်စောရီ)၏ချစ်လှစွာသော ခင်ပွန်း ကိုနေဝင်း(ခေတ္တ-ဂျပန်)၊ ဒေါ်စန်းစန်းရီ-ဦးမောင်မောင်အေး၊ ကိုခင်ဇော်(ခေတ္တ-ဂျပန်)တို့ ၏မွေးသဖခင်၊ မယုယုသော်၊ မောင်ဇော်သက်မျိုးတို့၏အဘိုးသည် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) နံနက်၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄(သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးမျိုးတင့်**

**အသက်(၈၅)နှစ်**

ဒေါ်ချယ်ရီမျိုးတင့် (အင်ဂျင်နီယာချုပ်၊ အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ဖခင်ကြီး ဒေါက်တာ ဦးမျိုးတင့် (အထူးကုဆရာဝန်ကြီး-ငြိမ်း၊ ဓာတ်ရောင်ခြည်ဌာန)သည် ၁၀-၃-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်**
**နည်းပညာဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ကျောင်း၊ ဓမ္မာရုံဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ**

**အသက်(၆၅)နှစ်**

ဦးအောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးထူးအောင်ဝင်း (တပ်မတော်ဆေးတက္ကသိုလ်)-ဒေါက်တာနှင်းလွင်ဦး (ဆေး-၁)၊ ကိုဖြိုးအောင်ဝင်း၊ မခိုင်စန္ဒာအောင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်မြင့်မြင့်(ခ) ဒေါ်မိမိဆွေသည် ၈-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥပဒေရေးရာဆေးပညာဌာနမိသားစု၊ တပ်မတော်ဆေးတက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဟယ်ရီရှင်းသန့်(ခ)မီးအိုလေး

## အသက်(၁)နှစ် (၇)လ

ဦးခိုင်ဇော်ဦး-ဒေါ်ခင်ချိုလွင်(ဒိုင်းမွန်းစတားကုမ္ပဏီ)တို့၏ ချစ်လှစွာသောသမီးလေးသည် ၄-၃-၂၀၁၄ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမာဓိ- ရောင်းဝယ်ရေးမိသားစုနှင့်**
**ဆရာမ-ရောင်းဝယ်ရေးမိသားစု**
**အောင်ပန်းမြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးချစ်ဆွေ

## အသက်(၈၂)နှစ်

Strong Co.,Ltd မှ ဦးဖေဝင်း (MD) - ဒေါ်လင်းလင်းမြင့် (Director)၏ ဖခင် ဦးချစ်ဆွေ အသက်(၈၂)နှစ်သည် ၈-၃-၂၀၁၄ (စနေနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Strong Co.,Ltd မှ ဝန်ထမ်းများ**

Travel Zone Travels & Tours

Apr 13, Apr 11, Apr 12, Apr 11, Apr 12, Apr 11, Apr 9, 14, Apr 12, Apr 8, 13, Apr 11, Apr 11

for all travel needs



သာကီနွယ်

Promotion



DHS
Dagon High School
PHONE : 01-583 655, 09-2541 26704, 09-731 21 329, 09-51 70 881

Galaxyz
Private High School & Boorder
PHONE 09-50 50 911, 09-730 55 787, 09-31 91 4303, 09-2540 36732

(MOBILE PHONE SOFTWARE COURSES)
APS

Diploma & Advanced (Engineering)
Diploma & Advanced (IT)
Foundation
Civil
Electronic
Mechanical
Mechatronic
Plumbing
Electrical
Electrical Installation
Air-Con & Refrigeration
Mechanical & Electrical (M&E)
Diploma in IT System Support
Diploma in Software Developer
Wifi Free
TECH Training Centre

Ph: 01-545531, 01-8603141, 09-5008161
Ph : 01-656521, 09-421024731, 09-421024741
Ph: 01-642746, 01-642905, 01-646574



အဆီကျ၊ အကြောပြေ၊ သီး၊ ဝမ်းမှန်စေတဲ့
ကျောက်တစ်လုံးဝမ်းမှန်ဆေး

အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊
မိမိ မိသားစုအတွက်ဖြစ်စေ သင်ထားပါ။
**အေးမွန်ရတနာ**
**အမျိုးသမီးအပ်ချုပ်သင်တန်း**
**ဒေါ်ခင်ဝင်းရီ B.A,B.Ed**
အမှတ်-၃၉(ဂ)၊ အောင်ဇေယျလမ်းမကြီး၊
ကျောက်ကုန်းမီးပွိုင့်အနီး၊ ရန်ကင်းမြို့နယ်
အိမ်သင်။ ။(တာမွေ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်း) နယ်မှလူများအတွက် အဆောင်ရှိသည်။
**ဖုန်း-၅၇၉၈၂၅၊ ၅၆၄၇၃၆၊ ၀၉-၄၂၀၃၂၀၃၆၈၊ ၀၉-၄၂၀၀၀၆၈၀၉**

Junction Square ၌ဆိုင်ခန်းငှားမည်။
Decoration ပြင်ဆင်ပြီး ဆိုင်ခန်းငှားရန်ရှိသည်။
Ph-09-43181157, 09420255330,
09420245116, 09250190379

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ် ၉၈၀/က၊ မြေကွက်တည်နေရာအမှတ်(၉၈၀/က)၊ စည်ပင်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (ဒေါ်ညွှန့်ညွှန့်မေ)[၁၂/စခန(နိုင်)၀၁၄၄၉၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညွှန့်ညွှန့်မေကွယ်လွန်သဖြင့် ဦးမြသန်း[၁၂/စခန(နိုင်)၀၁၄၄၉၆]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

















## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ၂၃၀ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေများကို မြန်မာကျပ်ငွေဖြင့် စီမံကိန်းလုပ်ငန်းခွင်များသို့ အချိန်ကိုက် ဝယ်ယူပို့ဆောင်လိုပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၁၂-၃-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်ရက် | - ၁၀-၄-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့(UMFCCI)**
**Tel:(951)218451, 01-2300159, Fax:(951) 218451**

**အသိပေးကြေညာချက်(၈/၂၀၁၄)**
**(၂၀၁၄ခုနှစ်၊ မတ်လ ၇ရက်)**
**အဆင့်မြင့်လက်ဝတ်ရတနာအရောင်းဆိုင်လျှောက်လွှာများခေါ်ယူခြင်း**

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင်/အသင်းသားများ လျှောက်ထားနိုင်ပါရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| (က) ဆိုင်ခန်းတည်နေရာ | - မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ(မြေညီထပ်) အမှတ်(၆၈)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ |
| (ခ) ဆိုင်ခန်းအရေအတွက် | - (၃၆)ခန်း |
| (ဂ) ဆိုင်ခန်းအကျယ်အဝန်း | - အလျား ၁၃½ပေ×အနံ ၁၂ပေ×အမြင့် ၉ပေ |
| (ဃ) ဆိုင်ခန်းငှားရမ်းခ | - တစ်လလျှင်ကျပ်(၈)သိန်း |
| (င) လျှောက်လွှာစတင်လက်ခံမည့်နေ့ | - ၁၀-၃-၂၀၁၄ရက် |
| (စ) လျှောက်လွှာပိတ်သိမ်းမည့်နေ့ | - ၂၅-၃-၂၀၁၄ရက်(၁၆း၀၀)နာရီ(သတ်မှတ်ချက်ထက် နောက်ကျ ပေးပို့လာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ) |
| (ဆ) လျှောက်လွှာထုတ်ယူရန်နှင့်တင်သွင်းရန်နေရာ | - မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းချုပ် (ရန်ကုန်/နေပြည်တော်) |

၂။ လျှောက်လွှာပုံစံများကို ၁၀-၃-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ သိရှိလိုသော အချက်အလက်များကို ရန်ကုန်ဖုန်း(၀၁ ၂၁၈၄၅၁၊ ၀၁-၂၃၀၀၁၅၉)နှင့် နေပြည်တော်ဖုန်း (၀၆၇-၄၃၂၃၈၁)သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**




## အမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်)၀၆၈၀၃၂]ကိုင်ဆောင်သူ ရီရီထွေး၏ အမည်မှန်မှာ ဒေါ်ခင်ထွေးရီဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

တောင်ကြီးမြို့နယ်၊ ထီခေါင်းတောင်ရွာနေ၊ မနန်းကီအောင်၏အဖ နိုင်ငံသားအမှတ်[၁၃/တကန(နိုင်)၁၅၈၄၁၁]ကိုင်ဆောင်သူ ခွန်မောင်(ခ)ဦးလှမောင်သည် တစ်ဦးတည်းသာဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-ဘီ)၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၁၆၅/ဃ)ဟုခေါ်တွင်သော (ပေ၁၀၀× ၅၁ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မူလအမည်ပေါက်သူ ဒေါ်မိမိတင်ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူပြီး ကိုယ်စားလှယ်စာရရှိထား၍ လက်ရှိပိုင်ဆိုင်သူဖြစ်သော ဦးဝင်းထင်အောင်[၉/မရတ(နိုင်)၀၀၃၂၆၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးနောက်တွင် အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထင်လင်းနိုင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)**
**ရုံး-တိုက်(၉/၁၁)၊အခန်းအမှတ်(005-B)၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ hp:၀၉ ၅၀၃၉၃၀၆**

# Entrepreneurship Development Training Program

GIZ-PSD နှင့် SME Centre တို့မှ ပူးပေါင်းပြုလုပ်မည့် "CEFE Methodology"အသုံးပြုသင်ကြားမည့် "Basic Business Skills Improvement" သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည် ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါလိပ်စာအတိုင်း စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ပါသည်။

| | |
|---|---|
| သင်တန်းကာလ။ | ။ ၂၀၁၄ခုနှစ်မတ်လ ၁၇ရက်မှ ၂၁ရက်အထိ |
| သင်တန်းချိန်။ | ။ နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီအထိ |
| သင်တန်းနေရာ။ | ။ SME Center, 35 B/15, New University Avenue Road, Bahan Township, Yangon. |
| သင်တန်းကြေး။ | ။ ကျပ်တစ်သိန်း၊ ပထမဆုံးစာရင်းပေးသွင်းသူ(၁၀)ယောက်ကို (၅၀%)လျှော့ပေးမည်ဖြစ်ပါသည်။ |
| စာရင်းပေးသွင်းရမည့်နေရာ။ | ။ Room(901),Entrepreneurship Development Program Team,GIZ-PSD၊ ၆၃၅-E ရိုးမရိပ်သာလမ်း၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၁-၂၃၀၆၀၈၄၊ ၂၃၀၆၀၈၅-လိုင်းခွဲ ၁၂၂၊ ၀၉-၅၁၄၉၁၃၈၊၀၉-၄၂၀၀၁၄၈၃၇ |

**ကော်ဖီနှင့်မုန့်(၂)ကြိမ်၊ နေ့လယ်စာနှင့်လိုအပ်သောစာရွက်စာတမ်းများအား သင်တန်းမှပံ့ပိုးပေးမည် ဖြစ်ပါသည်။**

Access Cherry

Thin yadanar Goldsmit & Jewellery collection
Design
Add : Build(B), Room(703),7 fl
Delta Plaza, Bahan Township, Yangon.
Ph: 09-73009210, 09-73902605

"စတော့ရှယ်ယာ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်း"
"အိမ်ခြံမြေ လုပ်ငန်းဖွံ့ဖြိုးမှုသင်တန်း"
"နိုင်ငံတကာ မူကြိုဆရာဖြစ်သင်တန်း"
TIPTOP

STI Myanmar University
ENROLL NOW!
Diploma in Human Resources Management
Human Resources Manager
Role of HRM in Organizations, Organizational Behavior, Business Communication, Strategic Human Resource Management, Managing HR Information Systems
UCE 'O' Graduates
ABAAM Diploma
STI New Campus
Block -10, Phase -3, MICT Park, University Hlaing Campus
Tel: 377988, 507048, 507151/52, 0931702299



T-Shirt
Colour T-Shirt
Baby Milo T-Shirt
(12-3-2014) မှ (11-4-2014) အထိ
(12-4-2014) မှ (18-4-2014) အထိ



HTET OO MARITIME TRAINING INSTITUTE
Whole Package BST နှင့် Pre-Sea
CDC / Passport
Coffee
BST (4 Tickets)
Tanker Familiarization Course (T.F)
(Oil, Chemical)
Pre-sea Course (Deck , Engine) - (Onboard Excursion)
Deck Officer Class - 3 (NCV)
Ph: 09 250278274, 01-544562
Ph: 09 421154222



BOSS
Laminate Flooring Wall Paper
Ph : 01-8603151,01-8603389, 09- 5426261, 09-73152381



## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃/၄၂ကံဘဲ့)၊ မြေကွက်အမှတ်(၁/ဃ)၊ ဧရိယာ(ဝ. ၁၀၀)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ တောင်ဘက်ခြမ်းဖြစ်သော အရှေ့ဘက် (၅၉ပေ ၆လက်မ) အနောက်ဘက် ပေ(၆၀)၊ တောင်ဘက်(၆၄ပေ ၆လက်မ)၊ မြောက်ဘက်(၆၁)ပေရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁/ဃ)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးသိန်း[၁၃/ကတန(နိုင်)၀၀၄၇၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း (စဉ်-၆၁၀၇)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၄၆၆/က)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ ၁၄ရပ်ကွက်၊ ၇/ဈေးလမ်း၊ အမှတ်(၁၄၆၆/က)ဟု ခေါ်တွင်သည့်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ဦးထွန်းရွှေ[၁၂/သကတ(နိုင်)၀၈၉၃၅၆]ထံမှ ဦးဝင်းအောင်[၁၄/ဇလန(နိုင်)၀၈၇၀၉၆]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာဝင်း(စဉ်-၂၈၀၂၆)** — **LL.B,D.B.L, D.M.L**

**ဒေါ်မိတင်ဇာလင်း(စဉ်-၃၀၄၉၁)** — **LL.B , D.B.L, D.M.L, D.I.L**

**အထက်တန်းရှေ့နေများ**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၇၃၀၃၉၅၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၉၂/ခ)၊ မြေဧရိယာ (၁၂၀၀) စတုရန်းပေရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၉၂/ခ)ဟုခေါ်တွင်သည့်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဦးကျော်စိန်[၁၂/လမန(နိုင်)၁၁၃၁၉၈]၊ ဦးခင်မောင်ဝင်း[၁၂/လမန(နိုင်)၁၁၃၂၀၁]တို့ ပိုင်ဆိုင်ပြီး စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်ညွန့်ရီ[၁၂/အလန(နိုင်)၀၃၅၄၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာဝင်း(စဉ်-၂၈၀၂၆)** — **LL.B,D.B.L, D.M.L**

**ဒေါ်မိတင်ဇာလင်း(စဉ်-၃၀၄၉၁)** — **LL.B, D.B.L, D.M.L, D.I.L**

**အထက်တန်းရှေ့နေများ**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၇၃၀၃၉၅၈၆**



## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| ၁။ | Switch 24-ports (D Link) Gigabit switch DGS-1100-24 | | 2 Nos |
| ၂။ | UPS (Power Tree) | | 10 Nos |
| ၃။ | Digital Photo Colour Printer Fuji Film Dye-Sublimation Solution ASK-4000 8x10 Paper 800 Print/2, ROH | | 1 No |
| ၄။ | Panasonic Projector with Screen PT-LB 90 NTEA LCD Projector | | 1 No |
| ၅။ | Sony Digital Camera (20 Megapixels) | | 50 Nos |
| ၆။ | Camera Recorder Panasonic HD (A VCHD) Camcorder, Box | | 10 Nos |
| ၇။ | Air Conditioner 2 HP (Sanyo) (Split Type) | | 3 Nos |
| ၈။ | Digital Recorder Sony ICD-Sx 1000 IC Recorder 16 GB (Japan) | | 9 Nos |
| ၉။ | Poly com (HD X 6000-720 video conferencing) | | 3 Nos |
| ၁၀။ | TOSHIBA or SONY or Samsung or LG LED TV(42 inch) | | 3 Nos |
| ၁၁။ | Router (5Port) D Link Wireless AC 1750, Dual Band Gigabit, Cloud Router DIR-868L | | 3 Nos |
| ၁၂။ | Personal Computer | | 50 Nos |
| | Processor | - Core i7 3.4 (8 MB/1150), 4770(Haswell) | |
| | Motherboard | - Intel DQ 77MK (1155/DDR3) | |
| | Memory | - 8 GB (DDR3) | |
| | Hard disk | - 2 TB | |
| | Graphic Card | - GT 630(DDR3)128bit with DVI/HD MI output (ASUS) | |
| | Casing | - G Viewh | |
| | Power Supply | - 650 Watts | |
| | Monitor | - 21.5"/22" LED DVI/HDMI | |
| | DVD Writer | - 24 X DVD Writer (ASUS) SATA with Box | |
| | Speaker | - A4 Tech | |
| | Keyboard | - A4 Tech(USB) | |
| | Mouse | - A4 Tech(Optical USB) | |
| | UPS | - Power Tree 650VA | |
| ၁၃။ | Canon Laser Printer(A4) | | 74 Nos |
| ၁၄။ | Konica Digital Multifunction copier (A3) (Size) | | 8 Nos |
| ၁၅။ | Panasonic Plane Paper Fax Machine (A4) | | 44 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၃-၂၀၁၄ရက်မှ ၁၀-၄-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၄-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇












ဒေါက်တာကျော်စော+ဒေါ်မေမျိုးမြတ် B.Sc (Chem:)
ဦးစီးတည်ထောင်သည်

ကိုယ်ပိုင်အထက်တန်းကျောင်း

ပြင်ဦးလွင်မြို့

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်

မတ်လတန်းခွဲများကို မတ်လ (၁၇)ရက်၊ တနင်္လာနေ့ စတင်ပါမည်။

မေလတန်းခွဲများကိုမေလ (၈)ရက်၊ ကြာသပတေးနေ့ စတင်ပါမည်။

ဆက်သွယ်ရန်: အမှတ်(၁၄၄)၊ R/AIII မြို့ပတ်လမ်း၊ အ.ထ.က(၄)အနီး၊ ပြင်ဦးလွင်မြို့။ ဖုန်း ၀၈၅-၂၂၃၉၀၊ ၂၃၃၂၈

SHWE GANDAMAR
International Trading Limited

RUBY MART

Smile Card Launching
15.3.2014 (SAT)

A privilege you don't want to miss.

တစ်ကဒ်ဝယ်ယူရုံဖြင့် သုံးဦးအသုံးပြုနိုင်သည့်

Smile Card

ကို GANDAMAR WHOLESALE နှင့် RUBY MART တို့တွင် Ks 500 ဖြင့်ဝယ်ယူရရှိနိုင်ပြီ

VENUE

**NAING Group Construction Co., Ltd.**

NAING Group Construction Co.,Ltd

၁။ **HR Manager**
HR Diploma/Certificate HRM နှင့် HRD HR Policy နှင့် Plan MBA/MPA Assistant Manager

၂။ **Communication Manager/Business Manager**
Any Graduate, English 4 Skill Public Relation Hotel Field

၃။ **Chief Accountant**
B.Com (သို့) CPA (သို့) ACCA Part II,Diploma in Accounting Construction field

၄။ **Admin Manager**
**ISO Format**

၅။ **Assistant Manager(HSE)**
Institution/ Organization WSH (သို့) HSE HSE

၆။ **QA/QC Engineer**
B.E/A.G.T.I(Civil) Construction QA/QC

၇။ **Assistant Archi-Coordinator**
B.Arch Construction Drawing overview Archi Design **Coordination**

၈။ **Mechnical Engineer**
B.E/Tech(Mechnical) Mechnical

၉။ **Auditor**
B.Com(သို့)B.Act/LCCI III/ACCA I/Accounting Diploma Audit

၁၀။ **Junior Accountant**
B.com(သို့)B.Act/LCCI II Computer Excel

၁၂။ **Driver**/AG
Auto/ Manual Gear

Hot Line-(Ext.138)

SUPER RICH MAN
Swimming Pool & Construction Co., Ltd.

Email
richmanpool@gmail.com

Website
www.Superrichmanpool.com

Sinmin Condo
Lax Myanmar Hotel
Asia Express Co.,Ltd.
Diamond Condo
Asia Express Co.,Ltd.
River View Point Condo
Asia Myanmar Consortium Development Co.,Ltd.
Golden Flower Co.Ltd.
Mingalar Inn
Rose Park-3

Show Room :

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

# မြဝတီဘဏ်လီမိတက် ၏ (၃၃)ဘဏ်ခွဲ မြောက်ဥက္ကလာပ ဘဏ်ခွဲ ကို

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် တွင်
၁၃. ၃. ၂၀၁၄ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်

## လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်

**ဆက်သွယ်ရန်လိပ်စာ**

မြဝတီဘဏ်လီမိတက်(မြောက်ဥက္ကလာပ)
အမှတ် (D1,D2,D3)၊ GMP Wholesale Super Market Shopping Housing၊ ဖုန်း - (၀၁) ၆၉၂၄၉၂၊ ၆၉၂၄၉၃
အောင်မင်္ဂလာအဝေးပြေးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖက်(စ်) - (၀၁) ၆၉၂၄၉၀၊ ၆၉၂၄၉၁

# ကလေးများအတွက် ကွန်ပျူတာကျွမ်းကျင်မှု နွေရာသီအထူးသင်တန်းများ

### Junior Kids
- Introduction to Windows 7
- MS Word 2010
- MS Excel 2010
- MS PowerPoint 2010
- Intro to Internet
- Computer & Paper Painting
- Language Skills
  - Primary Level (Cambridge)

### Senior Kids
- Introduction to Windows 7
- MS Publisher 2010
- CorelDraw X4
- Adobe Photoshop CS4
- Intro to Google Services (gmail, gtalk, map, play etc...)
- Computer & Paper Painting
- Language Skills
  - Primary Level (Cambridge)




### Project Pro
- Adobe Photoshop CS4
- Adobe Flash CS4
- Showbiz
- Multi-Media Conversion (Format Factory..)
- Intro to Social Media..

### Multimedia Pro
- Adobe Illustrator CS4
- Adobe Premier Pro CS4
- After Effect Creation
- Photoshop CS4 (Frame Animation)
- Ashampoo Burning Studio 6

မြန်မာနိုင်ငံတဝှမ်းရှိနေဝင်ရာ MCC Center များတွင်အပြန်အလှန်အပ်နှံနိုင်ပါပြီ။ Opening Date : 1 March 2014




နေထိုင်မှုဘဝသစ်သို့ ပြောင်းလဲရန် Mr. Golden City က သင့်အား ဖိတ်ခေါ်လိုက်ပါသည်။

သင့်၏ မိတ်ဆွေရင်း Mr. Golden City မှ...

:2014-03-15 (9:30am)

: Discount (5%) + Gold Card Discount (5%)

(2014-03-15~2014-03-17) Discount 5%

:Gold Card

:Golden City, Yankin Road, CMA Old Building, Yankin Township , Yangon Myanmar

ဆက်သွယ်ရန် ဖုန်းနံပါတ်:+95(0)1-8605111 +95(0)1-8605222



GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS

Golden city